# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များအစားထိုးလဲလှယ် ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း | ၅ |
| ၇ | မိဘမဲ့နှင့် စွန့်ပစ်ခံကလေးသူငယ်များ အတွက် ဖွင့်လှစ်တည် ထောင်ထားသော ဂေဟာများကို ဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းတည်ထောင်နိုင်ရေး၊ ပြုစုထိန်းသိမ်းထားသော ကလေးသူငယ် များကို စနစ်တကျ မှတ်တမ်းစာရင်းသွင်း ထိန်းသိမ်းနိုင်ရေးနှင့် မွေးစာရင်းထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာ များတွင်ရှိသော ကလေးသူငယ်များ ပညာသင်ကြားမှု၊ ဘဝ ရပ်တည်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာကို အကြောင်းပြပြီး ကလေးသူငယ်များ အပေါ် အမြတ်ထုတ် ဆောင်ရွက်နေမှုများ ရှိ၊ မရှိ ကို စစ်ဆေးဖော်ထုတ် အရေးယူ ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊ | ၅ |
| ၈ | လိင်အကြမ်းဖက် ကျူးလွန်ခံရသော အမျိုးသမီးငယ်များ တစ်ပြေးညီ ပညာ ဆက်လက် သင်ကြားခွင့်ရရှိစေရန်သက်ဆိုင်ရာဝန်ကြီးဌာနချင်း ချိတ်ဆက်ညှိနှိုင်း၍ တိကျသော မူဝါဒများချမှတ်ပြီး ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊ | ၁၄ |

၉ သက်ကြီးရွယ်အိုများအား စရိတ် ထောက်ပံ့ရာတွင် မှတ်ပုံတင် အိမ်ထောင်စုစာရင်း မပြသနိုင်သော၊ မွေးသက္ကရာဇ် မှားယွင်းနေသူများအတွက် မည်သို့ ပြန်လည်စိစစ် ထည့်သွင်းပေးမည်နှင့် နောင်အနာဂတ်တွင် သက်ကြီးရွယ်အိုများ အတွက် ရေရှည်ကူညီစောင့်ရှောက်နိုင်ရန် နိုင်ငံတော်မှ မည်သို့စီမံ ဆောင်ရွက်မည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ၂၃

၁၀ ပူတာအိုမြို့နယ်ရှိ ပူတာအို-နမ်ထွမ်ခူး ကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်း ၁၄/၅ မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းအဆင့် တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ၂၉

၁၁ ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာ အုပ်စုတွင် အရှည်(၇၇'×၁၂'×၁၀') ပေရှိ နမ်ငွန်းနွဲ့ ချောင်းကူးတံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ၃၂

၁၂ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်ရှိ ပြည်သူလူထုအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိရေးကို ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ၃၄

၁၃ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သစ္စာ ရပ်ကွက်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ၃၇

၁၄ ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာ များ၌ ၂၀၁၉ ခုနှစ် မိုးစပါး စိုက်ခင်းများတွင် ဖြုတ်ပိုး ကျရောက်ခဲ့ ပါသဖြင့် နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ၏ ၂၀၁၉ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို ဆိုင်းငံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ၄၂

၁၅ ရှားတောမြို့နယ်တွင် မြန်မာ့ စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊ ၄၉

၁၆ ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရိခေါဒါရ်ဘဏ်ငွေ တိုက်ခွဲတွင် အော်တိုတယ်လီဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ၅၆

၁၇ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က “တောင်သူလယ်သမားဘဝ ၆၀
ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သောကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည် ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၈ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ၆၉
လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၉ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က “ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ၇၀
ဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံ အတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေး ချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေ များအား ကိုဗစ်ကို ရင်ဆိုင်တွန်းလှန်နေသည့်ကာလ (Response Period) တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ (Recovery Period) အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ % အထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသား အဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်” အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၂၀ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က အဆိုနှင့်စပ်လျဉ်း၍ ၇၇
ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၂၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော “အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊ ၇၈

၂၂ ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ပရောက် မြန်မာနိုင်ငံ အလုပ်သမားများ အထူးသဖြင့် မလေးရှားနိုင်ငံ နှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများသည် ရွေးကောက်ပွဲအမီ မိမိစိတ်ဆန္ဒအရ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ပြန်လည်ခေါ်ဆောင်ရန် နှစ်နိုင်ငံ အစိုးရချင်း ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း၊ ၈၀

၂၃ ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်က တင်သွင်းသည့် အရေးကြီးအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌ ကကြေညာခြင်း၊ ၈၃

၂၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၈၄

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## (၂၁-၇-၂၀၂၀) (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **မိဘမဲ့နှင့် စွန့်ပစ်ခံကလေးသူငယ်များ အတွက် ဖွင့်လှစ်တည်ထောင်ထားသော ဂေဟာများကို ဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းတည်ထောင်နိုင်ရေး၊ ပြုစုထိန်းသိမ်းထားသော ကလေးသူငယ်များကို စနစ်တကျ မှတ်တမ်းစာရင်းသွင်း ထိန်းသိမ်း နိုင်ရေးနှင့် မွေးစာရင်းထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာ များတွင်ရှိသော ကလေးသူငယ်များ ပညာသင်ကြားမှု၊ ဘဝ ရပ်တည်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာကို အကြောင်းပြပြီး ကလေးသူငယ်များ**

**အပေါ် အမြတ်ထုတ် ဆောင်ရွက်နေမှုများ ရှိ၊ မရှိ ကို စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ **လိင်အကြမ်းဖက် ကျူးလွန်ခံရသော အမျိုးသမီးငယ်များ တစ်ပြေးညီ ပညာဆက်လက် သင်ကြားခွင့်ရရှိစေရန်သက်ဆိုင်ရာဝန်ကြီးဌာနချင်း ချိတ်ဆက်ညှိနှိုင်း၍ တိကျသော မူဝါဒများချမှတ်ပြီး ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းဥက္ကာ၊ လဲချား မဲဆန္ဒနယ်၏ **သက်ကြီးရွယ်အိုများအား စရိတ် ထောက်ပံ့ရာတွင် မှတ်ပုံတင် အိမ်ထောင်စုစာရင်း မပြသနိုင်သော၊ မွေးသက္ကရာဇ် မှားယွင်းနေသူများအတွက် မည်သို့ ပြန်လည်စိစစ် ထည့်သွင်းပေးမည်နှင့် နောင်အနာဂတ်တွင် သက်ကြီးရွယ်အိုများ အတွက် ရေရှည်ကူညီစောင့်ရှောက်နိုင်ရန် နိုင်ငံတော်မှ မည်သို့စီမံ ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမိုးဈွေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်ရှိ ပူတာအို-နမ်ထွမ်ခူး ကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်း ၁၄/၅ မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာ အုပ်စုတွင် အရှည်(၇၇'×၁၂'×၁၀') ပေရှိ နမ်ငွန်းနွဲ့ ချောင်းကူးတံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်ရှိ ပြည်သူလူထုအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိရေးကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်၏ **မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သစ္စာ ရပ်ကွက်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာများ၌ ၂၀၁၉ ခုနှစ် မိုးစပါး စိုက်ခင်းများတွင် ဖြုတ်ပိုး ကျရောက်ခဲ့ပါသဖြင့် နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ၏ ၂၀၁၉ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို ဆိုင်းငံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၏ **ရှားတောမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဒေါက်တာဦးဆလိုင်းရီယန်းဖဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရိခေါဒါရ်ဘဏ်ငွေတိုက်ခွဲတွင် အော်တိုတယ်လီဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်က **"တောင်သူလယ်သမားဘဝ**

**ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သောကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည် ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က **“ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံ အတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေး ချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေ များအား ကိုဗစ်ကို ရင်ဆိုင်တွန်းလှန်နေသည့်ကာလ (Response Period) တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ (Recovery Period) အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ %**

**အထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသား အဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“အသေးစား ငွေရေးကြေးရေး ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း

လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့မှတ်တမ်း

## ၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်

## (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၈၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၈ ရက်၊

(၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် လေးရက်၊

(၃) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် နှစ်ရက်၊

(၄) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် တစ်ရက်၊

(၅) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁၁ ရက်၊

(၆) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် တစ်ရက်၊

(၇) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် တစ်ရက်၊

(၈) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် တစ်ရက်၊

(၉) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့်  တစ်ရက်၊

(၁၀) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၁) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် တစ်ရက်၊

(၁၂) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် တစ်ရက်၊

(၁၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် နှစ်ရက်၊

(၁၄) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် နှစ်ရက်၊

(၁၅) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် တစ်ရက်၊

(၁၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၁ ရက်၊

(၁၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် လေးရက်၊

(၁၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် တစ်ရက်၊

(၁၉) စလင်းမဲဆန္ဒနယ်မှ ဦးကံဦး ခွင့် တစ်ရက်၊

(၂၀) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် လေးရက်၊

(၂၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် လေးရက်၊

(၂၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် လေးရက်၊

**မူကြမ်း**

(၂၃) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁၁ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် တစ် ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို ခွင့် တစ်ရက်နှင့်

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း ခွင့် တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏သက်တမ်းကို ၁၈-၇-၂၀၂၀ ရက်နေ့မှစ၍ ၃၁-၁-၂၀၂၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်မှာဖြစ်ကြောင်း လွှတ်တော်သို့အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မိဘမဲ့နှင့်စွန့်ပစ်ခံကလေးသူငယ်များအတွက် ဖွင့်လှစ်တည်ထောင်ထားသောဂေဟာများကို ဥပဒေနှင့်အညီ စနစ်တကျ ဖွဲ့စည်းတည်ထောင်နိုင်ရေး၊ ပြုစုထိန်းသိမ်းထားသောကလေးသူငယ်များကို စနစ်တကျမှတ်တမ်းစာရင်းသွင်းထိန်းသိမ်းနိုင်ရေးနှင့် မွေးစာရင်းထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာများတွင်ရှိသော ကလေးသူငယ်များပညာသင်ကြားမှု၊ ဘဝရပ်တည်နိုင်ရေးကူညီဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာကို အကြောင်းပြပြီး ကလေးသူငယ်များအပေါ် အမြတ်ထုတ်ဆောင်ရွက်နေမှုများရှိ/မရှိကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ စွန့်ပစ်ခံမိဘမဲ့ကလေး

သူငယ်များနှင့်ပတ်သက်ပြီးတော့ မေးမြန်းလိုတာ ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရန်နှင့် တစ်ဆက်တည်းပြပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကလေးသူငယ်များနှင့်ပတ်သက်ပြီးတော့ ၁၉၉၃ ခုနှစ်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၉/၁၉၉၃) ပြဋ္ဌာန်းခဲ့ပြီးတော့ ဥပဒေမှာ အခန်း(၁၉)ခန်းနှင့် ဥပဒေပုဒ်မ ၇၅ ခု ပါဝင်ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ခေတ်ကာလနှင့် ညီအောင် ကလေးသူငယ်ဥပဒေကြမ်းကို အခန်းပေါင်း(၃၀)နှင့် ဥပဒေပုဒ်မ ၁၁၇ ခု ပြင်ဆင်ရေးဆွဲ ခဲ့ပါတယ်။ ကလေးသူငယ်များနှင့်ပတ်သက်လို့ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ မိဘရင်ခွင် အောက်မှာနေထိုင်ရတဲ့ ကလေးသူငယ်တွေအတွက်က မိဘရဲ့မေတ္တာနှင့်နွေးထွေးမှုကို ရနိုင်ကြပေမဲ့ သဘာဝဘေး၊ လက်နက်ကိုင်ပဋိပက္ခနှင့် မိဘတွေသေဆုံးကုန်ပြီဖြစ်တဲ့ ဆွေမဲ့မျိုးမဲ့တွေအနေနဲ့ ကတော့ အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံရတဲ့ကလေးသူငယ်များအတွက်မှာ ဘဝအသက် ရှင်သန်နိုင်ရေး၊ ဘဝရပ်တည်နိုင်ရေး၊ ဘဝအာမခံချက်ရှိရေးနှင့် လူ့အခွင့်အရေးအပြည့်အဝရရှိနိုင်ဖို့ အရမ်းခက်ခဲပါတယ်။ ဒီလိုအခြေအနေတွေမှာ နိုင်ငံတော်အနေနဲ့ ဒီကလေးသူငယ်အားလုံးကို ပြုစု ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့က မလွယ်ပါဘူး။ နိုင်ငံတော်က တည်ထောင်ထားတဲ့ ကလေးပြုစု ထိန်းသိမ်းရေးဂေဟာတွေ၊ သင်တန်းကျောင်းတွေရှိသလို လူမှုရေးအသင်းအဖွဲ့တွေ၊ ဘာသာရေး အသင်းအဖွဲ့တွေနဲ့ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တွေကလည်းပဲ နိုင်ငံအနှံ့ကလေးသူငယ်ပြုစုထိန်းသိမ်း ရေးဂေဟာတွေ ဖွင့်လှစ်ပြီးတော့ ကလေးသူငယ်တွေကို လက်ခံထိန်းသိမ်းကူညီစောင့်ရှောက်ပေးနေ တာတွေ့ရပါတယ်။ ဒီလိုဆောင်ရွက်ကြတဲ့အခါမှာ တကယ့်စိတ်ရင်းမှန်နဲ့ မှန်မှန်ကန်ကန် ဆောင်ရွက် ပေးတာတွေရှိသလို တချို့ကလည်း အကျိုးလိုလို့ညောင်ရေ လောင်းတဲ့အနေနဲ့ ဒုက္ခရောက်နေတဲ့ မသိနားမလည်တဲ့ ကလေးသူငယ်တွေကို အရင်းအနှီးပြုပြီးတော့ မမှန်မကန်တာတွေလုပ်နိုင်တာမျိုး၊ ကိုယ်ကျိုးရှာအမြတ်ထုတ်တာတွေ လုပ်နိုင်တဲ့အခြေအနေတွေ အပြင်ကို ကလေးသူငယ်တွေရဲ့ အသက်ရှင်သန်ခွင့်၊ အသက်အန္တရာယ်တွေ၊ ကျန်းမာရေး၊ ပညာရေး၊

လူမှုရေး၊ လိင်အမြတ်ထုတ်မှု စတဲ့ လူ့အခွင့်အရေးဆုံးရှုံးပြီး လူလုံးမလှတဲ့ဘဝအခြေအနေတွေလည်း ကြုံတွေ့လာနိုင်တဲ့ အနေအထားမျိုးတွေ တွေ့နေရပါတယ်။

ဒီလိုရင်ခွင်မဲ့ကလေးသူငယ်တွေဟာ လူဖြစ်လာတာနဲ့ နိုင်ငံသားတစ်ယောက် ရပိုင်ခွင့်ရှိတဲ့ မွေးစာရင်းမှတ်ပုံတင်ခြင်းဆိုင်ရာအခွင့်အရေး၊ အသက်ရှင်သန်ခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်ပိုင်ခွင့်၊ မသင်မနေရ အခမဲ့ပညာသင်ကြားနိုင်ခွင့်၊ အသက်အရွယ်အလိုက် အလုပ်အကိုင်နှင့်ဘဝရပ်တည်နိုင်မှုအခွင့်အရေးအပြည့်အဝရနိုင်ဖို့ခက်ခဲပြီးတော့ မတရားအနိုင်ကျင့်၊ အနိုင်အထက်ပြုခံရမှု၊ လိင်မှုဆိုင်ရာမတရားအနိုင်ကျင့်ခံရမှုစတဲ့အန္တရာယ်တွေ အများဆုံးကြုံတွေ့နိုင်တဲ့ အနေအထားရှိနေတာ တွေ့နေရပါတယ်။ တင်ပြခဲ့သလို ပြင်ပလူမှုရေးအဖွဲ့တွေ၊ ဘာသာရေးအဖွဲ့တေ့ွကနေ တကယ့်စေတနာမှန်နဲ့ ဆောင်ရွက်နေကြတဲ့ဂေဟာတွေမှာ အလှူရှင်တွေရဲ့ အလှူရငွေတွေနဲ့ ရပ်တည်နေကြရလို့ ပြုစုထိန်းသိမ်းထားတဲ့ကလေးအရေအတွက်များလာတာနဲ့အမျှ မနိုင်ဝန်တွေ ထမ်းနေရတာမျိုးတွေ ကြုံတွေ့နိုင်လို့ ကလေးသူငယ်တွေရဲ့စားဝတ်နေရေး၊ အာဟာရပြည့်ဝရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု စတာတွေကို စနစ်တကျပြည့်ပြည့်ဝဝဖြည့်ဆည်းဖို့ ခက်ခဲလာတာ ကြားသိရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသား အဆင့်မဟာဗျူဟာကို အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၄)နဲ့ လူ့သက်တမ်းနယ်ပယ်လေးရပ်ကို လုပ်ငန်းစဉ်ရှစ်ရပ်ချမှတ်ပြီးတော့ ဆောင်ရွက်ရာမှာ ကလေးသူငယ်တွေအတွက် အသက်နှစ်နှစ် အောက်ထောက်ပံ့ဖို့၊ အသက်သုံးနှစ်မှ အသက် ၁၅ နှစ်အထိထောက်ပံ့ဖို့နဲ့ ကျောင်းတွင်အာဟာရတိုက်ကျွေးရေးပါဝင်တာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာက အထက်မှာတင်ပြခဲ့တဲ့ မိဘမဲ့စွန့်ပစ်ခံကလေးသူငယ်တွေအတွက် လူမှုရေးအသင်းအဖွဲ့တွေ၊ ဘာသာရေးအဖွဲ့အစည်းတွေက ဖွင့်လှစ်တည်ထောင်ထားတဲ့ဂေဟာတွေကို ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းတည်ထောင်နိုင်ရေး၊ ပြုစုထိန်းသိမ်းထားတဲ့ကလေးသူငယ်များကို စနစ်တကျမှတ်တမ်း စာရင်းသွင်းထိန်းသိမ်း

နိုင်ရေးနှင့် မွေးစာရင်းထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်မှု၊ ၁၉၈၂ ခုနှစ်၊ နိုင်ငံတော်ဥပဒေနှင့်အညီ အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားကတ်ရရှိအောင်ဆောင်ရွက်ပေးနိုင်မှု၊ ဂေဟာတွေကို နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ အာဟာရနှင့် ထောက်ပံ့တွေ ထောက်ပံ့ပေးနိုင်မှု၊ ဂေဟာတွေမှာရှိတဲ့ ကလေးသူငယ် ပညာသင်ကြားမှုနှင့်ဘဝရပ်တည်နိုင်ရေးအတွက် ဆောင်ရွက် ပေးနိုင်မှုနှင့် ဂေဟာကို အကြောင်းပြပြီး ကလေးသူငယ်များကို အမြတ်ထုတ်နေမှု၊ မမှန်မကန် ဆောင်ရွက်နေမှုများရှိ/မရှိ၊ ဖော်ထုတ်အရေးယူနိုင်မှုများ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ဖြေကြားပေးနိုင် ရေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဒီနေ့အစည်းအဝေးသို့ တက်ရောက်လာတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးအောင်မှ ဆုမွန် ကောင်းတောင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထဲရေး ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး

နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ရဲ့ဖြေကြားချက်များကို ပေါင်းစပ်ပြီးရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန်နှင့် အချက်အလက်များ ပြည့်စုံစွာဖြေကြားနိုင်ရေးအတွက် အချိန်ကို သုံးမိနစ်ခန့် အနည်းငယ်ထပ်ဆောင်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ မိဘမဲ့နှင့် စွန့်ပစ်ခံကလေးသူငယ်များအတွက် လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများက ဖွင့်လှစ်တည်ထောင်ထားတဲ့ဂေဟာများကို ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းတည်ထောင်နိုင်ရေး ဆောင်ရွက်ပေးနိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်၏မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉ ခုနှစ်) အခန်း(၂၇) ပုဒ်မ ၁၀၁ ပုဒ်မခွဲ(က)မှာ တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတစ်ခုခုကို တည်ထောင်ဖွင့်လှစ်လျှင် ထိုသူကို ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ ပရဟိတနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများဟာ တည်ထောင်ခွင့်ပြုမိန့် စနစ်တကျလျှောက်ထားတင်ပြနိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး တော့မှ လူမှုဝန်ထမ်းဦးစီးဌာနမှာ လက်ရှိမှတ်ပုံတင်ထားတဲ့ ပရဟိတဂေဟာနှင့် ယာယီ စောင့်ရှောက်ရေးဂေဟာများကိုရော၊ တည်ထောင်ခွင့်ပြုမိန့်လုံးဝလျှောက်ထားခြင်းမရှိသေးသော ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများအားလုံးအနေဖြင့် ခြောက်လအတွင်း တည်ထောင်ခွင့်ပြုမိန့်များ ပြန်လည်လျှောက်ထားရန်ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ အချိန်ကာလအားဖြင့် ခြောက်လသတ်မှတ်ပြီးတော့မှလုပ်ငန်းအစီအစဉ်များကို ၂၀၂၀ ပြည့်နှစ် မတ်လက စတင်ဆောင်ရွက်ခဲ့ရာ နေပြည်တော်နှင့်

တိုင်းဒေသကြီး/ပြည်နယ်ကိုးခုမှ ဂေဟာ စုစုပေါင်း ၂၄၅ ခုကိုတော့ ကနဦးစာရင်းရရှိထားပြီး ဖြစ်ပါတယ်။ လတ်တလော COVID–19 ရောဂါ ဖြစ်ပွားနေတဲ့ကာလအတွင်း လုပ်ငန်းအစီအစဉ်များ အကန့်အသတ်နှင့်ဆောင်ရွက်လျက်ရှိပြီး COVID–19 ရောဂါထိန်းချုပ်နိုင်မှုအခြေအနေ အပေါ်မှာမူတည်ပြီး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် သတ်မှတ် ကာလထက်တော့ ကျော်လွန်ပြီး ဆောင်ရွက်ရမယ့် အခြေအနေရှိကြောင်း တင်ပြလို ပါတယ်။

နောက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းချက်မှာ ဂေဟာများတွင် ပြုစုထိန်းသိမ်း ထားသော ကလေးသူငယ်များကို စနစ်တကျမှတ်တမ်းစာရင်းသွင်းထိန်းသိမ်းနိုင်ရေးနှင့် မွေးစာရင်း ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှုနှင့် ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့်အညီ အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားကတ်ရရှိအောင် ဆောင်ရွက်ပေးနိုင်မှုနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ မိဘမဲ့ကလေးစောင့်ရှောက်ရေးသင်တန်းကျောင်း၊ တရားဝင်အသိအမှတ်ပြု မှတ်ပုံတင်ထားသော ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မိဘမဲ့ဂေဟာများမှ မိဘမဲ့ ကလေးတွေကို အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့် ကိုင်ဆောင်သင့်တဲ့ မှတ်ပုံတင် တစ်မျိုးမျိုးအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိရာမှာ မိဘအချက်အလက်များမသိရှိသော်လည်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ အခန်း(၂) ပုဒ်မ ၅ မှာ တိုင်းရင်းသားတိုင်းရင်းသူသော်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် လည်းကောင်း၊ မွေးရာပါနိုင်ငံသားဖြစ်သည်ဟု ဖော်ပြထားတဲ့အတွက် ဖြေလျှော့နည်းလမ်းအရ ဖွဲ့စည်းပေးထားတဲ့ မြို့နယ်နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေး အဖွဲ့ဖြင့် ဆုံးဖြတ်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၃၇၀ ခုနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၂ ခုတို့ကို ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

**မူကြမ်း**

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်ပါ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသောဂေဟာများကို နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးနိုင်မှုနှင့်စပ်လျဉ်း၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကလေးသူငယ်များအတွက် အာဟာရစောင့်ရှောက်မှု လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံကျန်းမာရေးပညာရှင်များကတစ်ဆင့် အဓိက ဆောင်ရွက်ပေးခြင်း၊ ကုသရေးဦးစီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံများသို့ ကလေးပြုစုရေး ဂေဟာများမှ လွှဲပြောင်းလာသောလူနာများအပြင် ကွင်းဆင်းကုသရေးခရီးစဉ်များတွင် အခါအားလျော်စွာ သွားရောက်ကုသပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆေးရုံများတွင် စွန့်ပစ်ခဲ့သော ကလေးသူငယ်များကို လိုအပ်သောဆေးကုသမှု၊ ကာကွယ်ဆေးထိုးနှံမှု၊ အာဟာရပိုင်းတည်ဆောက် ခြင်းဆိုင်ရာဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပံ့ပိုးပေးကာ လူမှုရေးပိုင်းဆိုင်ရာကိစ္စရပ်များ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ကလေးပြုစုရေးဌာနများသို့ ကုသရေးဦးစီးဌာနများနှင့် ရပ်ရွာ အဖွဲ့အစည်းများမှ ပေးပို့လာတဲ့စွန့်ပစ်ကလေးစုစုပေါင်း ၆၂၅ ဦးကို လက်ခံစောင့်ရှောက်ပေးလျက် ရှိကြောင်း တင်ပြလိုပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနရဲ့တည်ထောင်ခွင့်ပြုမိန့်ရရှိထားတဲ့ ပရဟိတ ဂေဟာများသို့ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများမှ တာဝန်ရှိသူများက စစ်ဆေးခြင်းနှင့် ဦးစီးဌာန(ရုံးချုပ်)က စိစစ်ခြင်းတို့ကို ဆောင်ရွက်ပြီး စည်းကမ်း ချက်များနှင့်ကိုက်ညီတဲ့ ပရဟိတဂေဟာများကို သတ်မှတ်အဆင့်အလိုက် ထောက်ပံ့ပေးလျက်ရှိပါ တယ်။

ဂေဟာများတွင်ရှိသော ကလေးသူငယ်များ ပညာသင်ကြားမှုနှင့် ဘဝရပ်တည်နိုင်ရေး ကူညီ ဆောင်ရွက်ပေးနိုင်မှုနှင့်စပ်လျဉ်းပြီး လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်တဲ့ မိဘမဲ့နှင့် စွန့်ပစ်ခံကလေးသူငယ်များအတွက် ကလေးပြုစုရေးဌာနခုနစ်ခုကို ဖွင့်လှစ်ပြီး

စောင့်ရှောက်ပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် စောင့်ရှောက်ရန်လိုအပ်တဲ့ ကလေးသူငယ်များ အတွက် လူငယ်နှင့် အမျိုးသမီး၊ ကလေးသူငယ်သင်တန်းကျောင်း ၁၁ ကျောင်းဖွင့်လှစ်ပြီးတော့မှ အတန်းပညာ၊ သက်မွေးပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက် ရှိ သင်တန်းကျောင်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ ပရဟိတဂေဟာများရှိ ကလေးများ၊ အခြေခံပညာကျောင်းများသို့ အပ်နှံပါက အခြေခံပညာဦးစီးဌာနအနေနဲ့လည်း ပညာသင်ကြားမှုများကို ဆက်လက်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဂေဟာကို အကြောင်းပြ ပြီး ကလေးသူငယ်များအပေါ် အမြတ်ထုတ်နေမှု၊ မတော်မမှန်ဆောင်ရွက်နေမှုများရှိ/မရှိ၊ စစ်ဆေး ဖော်ထုတ်အရေးယူနိုင်မှုများ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်ပတ်သက်လို့ လိုအပ်ချက်များ အရ ယာယီအုပ်ထိန်းရန်နှင့် ပြုစုစောင့်ရှောက်ရန် လိုအပ်တဲ့ကလေးသူငယ်များအတွက် သင်တန်း ကျောင်းများ၊ ပရဟိတဂေဟာများနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်း ကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့အတွက်ကို ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ အခန်း(၆)မှာ ထည့်သွင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ပရဟိတဂေဟာများ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း များဆောင်ရွက်ရာတွင် ကလေးသူငယ်များအပေါ် အမြတ်ထုတ်နေမှုများ တွေ့ရှိမှုအရ လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်းနဲ့ လူမှုကွန်ရက်များမှ တိုင်ကြားခြင်းများအရလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ စစ်ဆေး အကြံပြုချက်များ ပေးပို့လာမှုအရ လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများက စစ်ဆေးပြီး ဥပဒေအရ အရေးယူခြင်းနှင့် သတင်းပေးတိုင်တန်းလာပါကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ တို့နှင့်ပူးပေါင်းပြီး တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အချို့ဂေဟာများကို ဖျက်သိမ်းပြီး ကလေးသူငယ်များအား ယာယီလက်ခံ ဆောင်ရွက်စောင့်ရှောက်ပေးခြင်း၊ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခြင်း၊ လက်ခံ

စောင့်ရှောက်လိုသော ပရဟိတဂေဟာတစ်ခုခုတွင် ကလေးသူငယ်ရဲ့ဆန္ဒနှင့်အညီ အပ်နှံ၍ စောင့်ရှောက်စေခြင်း၊ ကျန်ကလေးသူငယ်များကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဆက်လက်စောင့်ရှောက်ပေးခြင်းများ စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး လက်ရှိအားဖြင့် ပရဟိတဂေဟာများနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများအားလုံးကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ တည်ထောင်ခွင့်ပြုမိန့်များ ပြန်လည်လျှောက်ထားရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဂေဟာရှိကလေးသူငယ်များအတွက် နိုင်ငံသားစိစစ်ရေးကတ်များ စိစစ်ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးနှင့်အာဟာရပံ့ပိုးပေးခြင်း၊ တိုင်ကြားမှုများရှိပါက စိစစ်ဆောင်ရွက်ခြင်းတို့ကို နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းလေး မေးခွင့်ပေးပါ။ အခုနက ဒုတိယဝန်ကြီးရှင်းပြသလို နိုင်ငံတော်က ဖွင့်လှစ်တဲ့ကလေးသူငယ်စောင့်ရှောက်ရေးဂေဟာတွေနဲ့ပတ်သက်ပြီးတော့ ပြည်နယ်/တိုင်းဒေသကြီးအားလုံးမှာ တိုးချဲ့ပြီးတော့ ဖွင့်လှစ်ဖို့အစီအစဉ်ရှိ/မရှိ ဒါလေးသိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ စောစောကပြောတဲ့ စောင့်ရှောက်ရေးဂေဟာတွေ ဆက်လက်ပြီးတော့ ဆောင်ရွက်ဖို့အတွက်က နိုင်ငံတော်မှရရှိလာတဲ့ ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက်အပေါ်မှာ မူတည်ပြီးတော့မှ ဆောင်ရွက်ပေးနေသလို သက်ဆိုင်ရာအလှူရှင်များရဲ့ကူညီပံ့ပိုးမှုများနဲ့လည်း ဖွင့်လှစ်ပေးလျက်

ရှိပါတယ်။ အခုဆိုလို့ရှိရင် နေပြည်တော်ကောင်စီနယ်မြေမှာ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းအနေနဲ့ လှူဒါန်းထားတဲ့အဆောက်အအုံ ရှိပါတယ်။ ဒီအဆောက်အအုံမှာလည်းပဲ မကြာခင် သုံးလ၊ လေးလအတွင်းမှာ ပြီးစီးတော့မှာ ဖြစ်ပါ တယ်။ အဲဒီမှာဆိုလို့ရှိရင်လည်း ကလေးပြုစုရေးအတွက်ကို မိဘမဲ့ကလေးများ၊ စွန့်ပစ်တဲ့ကလေး ငယ်များကို ပြုစုစောင့်ရှောက်ပြီးတော့မှ တိုးချဲ့ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆက်လက်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လိမ်အကြမ်းဖက်ကျူးလွန်ခံရသော အမျိုးသမီးငယ်များ တစ်ပြေးညီ ပညာဆက်လက်သင်ကြားခွင့် ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနချင်း ချိတ်ဆက်ညှိနှိုင်း၍ တိကျသောမူဝါဒများချမှတ်ပြီး ညွှန်ကြားချက်များထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် များအားလုံး ကံကောင်းခြင်းများစွာပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်ဖြစ်ပြီးတော့ လိင်အကြမ်းဖက်ကျူးလွန်ခံရ သော အမျိုးသမီးငယ်အရွယ်များ တစ်ပြေးညီ ပညာဆက်လက်သင်ကြားခွင့်ရရှိစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနချင်း ချိတ်ဆက်ညှိနှိုင်း၍ တိကျသောမူဝါဒများချမှတ်ပြီး ညွှန်ကြားချက်များထုတ်ပြန် ထားခြင်းရှိ/မရှိနှင့် အကယ်၍ မရှိပါက တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်သော ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံး ပြုခွင့်ပေးပါရှင်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့စာရင်းဇယားများအရ မြန်မာနိုင်ငံမှာ အမျိုးသမီးများ

လိမ်အကြမ်းဖက်ခံရမှုများမှ ပျမ်းမျှတစ်နှစ်လျှင် အမှုပေါင်း ၁၀၀၀ ကျော်ခန့်ရှိကြောင်း သိရှိရပါတယ်။ လေ့လာဆန်းစစ်ချက်များအရ သက်ငယ်မုဒိမ်းမှုဟာ သက်ကြီးမုဒိမ်းမှုများထက် ပိုမိုများပြားနေတာကိုတွေ့ရှိရပါတယ်။ ကျူးလွန်ခံရသူတွေရဲ့ အသက်အပိုင်းအခြားကို လေ့လာကြည့်ပါကလည်း Power Point မှာဖော်ပြထားတဲ့အတိုင်း အသက် ၂ နှစ်မှ ၅ နှစ်၊ အသက် ၁၆ နှစ် စသည်ဖြင့် ကျောင်းနေအရွယ် အမျိုးသမီးငယ်ရွယ်လေးများ အများစုဖြစ်နေတာကို တွေ့ကြရမှာပါ။

မုဒိမ်းမှုတစ်ခုဖြစ်ပြီဆိုတာနဲ့ ရပ်ထဲရွာထဲမှာ ဖြေရှင်းနည်းနှစ်မျိုးနဲ့ ဖြေရှင်းလေ့ရှိကြတာကို ကြားသိဖူးကြမှာပါ။ ပထမနည်းကတော့ လျော်ကြေးဖြင့်ဖြစ်စေ၊ ကျူးလွန်သူနှင့်အိမ်ထောင်ချပေးခြင်းဖြင့်ဖြစ်စေ ညှိနှိုင်းကြေအေးခြင်းဖြစ်ပါတယ်။ ဒီအခါမှာ ကျူးလွန်ခံရတဲ့အမျိုးသမီးငယ်လေးတွေရဲ့ ပညာရေးဟာ ရပ်တန့်ပြီးဆုံးသွားရလေ့ ရှိပါတယ်။ လျော်ကြေးယူလိုက်ရတဲ့ အမျိုးသမီးငယ်လေးဟာ ပညာဆက်လက်သင်ကြားချင်ရင်တောင် ကျေအေးပြီးဖြစ်တာမို့ ဒီလိုကျူးလွန်ခံရကြောင်း သက်သေပြစရာမရှိတော့လို့ အလိုတူအလိုပါလို့သတ်မှတ်ခံရပြီးတော့ ကျောင်းကလက်မခံတာမျိုး တွေလည်း ရှိပါတယ်။ ဥပဒေကိုသိရှိမှုအားနည်းခြင်းရဲ့ဆိုးကျိုးကို အသက် ၁၄ နှစ်၊ ၁၅ နှစ်အရွယ် ကျူးလွန်ခံရသူ မိန်းကလေးအများစု တွေ့ကြုံခံစားကြရပါတယ်။ ဒုတိယနည်းဖြစ်တဲ့ ရဲစခန်းမှာ အမှုဖွင့်တာမျိုးကိုတော့ အသက်ငယ်လွန်းတဲ့ ကလေးကိုကျူးလွန်တာမျိုးနှင့် အုတ်အော်သောင်းတင်း ဖြစ်ရပ်တွေမှာ တွေ့ရပါတယ်။ ကျူးလွန်ခံရတဲ့ကလေးငယ်တွေဟာ ရုပ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာရမှု တွေကြောင့် ဆေးကုသမှုခံရခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ပြင်းထန်စွာ ခံစားကြရပါ တယ်။

ဒီလိုကလေးတွေကို နှစ်သိမ့်ဆွေးနွေးခြင်း(Counseling)ဆိုတဲ့ သဘာလိုစိတ်ခံတာခွန်အားရစေဖို့နည်းပေါင်းစုံနဲ့ Psychological Symbol များပေးပြီးတော့ ကျောင်းပြန်တက်ဖို့အရေး အချိန်ယူပြီးတော့ ခက်ခက်ခဲခဲတိုက်တွန်းရပါတယ်။ ဒီအဆင့်အောင်မြင်မှသာ ကလေးကို ကျောင်းပို့လို့ရတာဖြစ်ပါတယ်။ ဒါကြောင့် စာသင်ကျောင်းတွေက ကိုယ်ချင်းစာနာစိတ်နဲ့ နွေးထွေးစွာကြိုဆိုဖို့လိုအပ်ပါ

တယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ ကျောင်းပြန်အပ်ရဖို့အရေး ခက်ခဲနေမယ်ဆိုရင် ကျူးလွန်ခံရတဲ့ကလေးကို ထပ်မံပြီးစိတ်ဒဏ်ရာရအောင်လုပ်မိသလိုဖြစ်တာမို့ Victim Blame လုပ်ရာရောက်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မသိရှိခဲ့တဲ့ဖြစ်စဉ်တစ်ခုကို တင်ပြချင်ပါတယ်။ မုဒိမ်းမှုကျူးလွန်ခံရတဲ့ ၁၄ နှစ်အရွယ်ကိုးတန်းကျောင်းသူတစ်ဦးကို အားပေးနှစ်သိမ့်ပြီး ကျောင်းကိုပြန်ပို့တဲ့အခါ ကျောင်းက လက်မခံတဲ့အတွက် အဆင့်ဆင့်ခက်ခဲစွာကြိုးစားခဲ့ရပါတယ်။ တိုင်းပညာရေးမှူးကို ဆက်သွယ်ဆွေးနွေးတဲ့အခါမှာလည်း ဒီလို Sex Experience ရှိပြီးတဲ့ကျောင်းသူမျိုးကို ကျောင်းစည်းကမ်းအရ လက်မခံကြောင်း၊ သူ့အတွေ့အကြုံကို တခြားကျောင်းသူတွေကို ပြန်ပြောရင် တခြားကလေးမှာ ပျက်စီးသွားမှာစိုးလို့ဖြစ်ကြောင်း ပြန်ပြီးတော့ဆွေးနွေးလို့ အဆင်မပြေခဲ့ပါဘူး။ နောက်ဆုံးမှာ အခြေခံပညာညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီးတို့ကို ဆွေးနွေးတင်ပြမှသာ ဒီကလေးမလေး ကျောင်းပြန်နေရဖို့ကိစ္စအဆင်ပြေသွားခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒါတင်မကသေးပါဘူး ကျွန်မတို့ရဲ့ အမျိုးသမီးနဲ့ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ လေ့လာရေးခရီးစဉ်တွေမှာ အမျိုးသမီးကော်မတီ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ NGO၊ CSO များနဲ့ တွေ့ဆုံဆွေးနွေးကြတဲ့အခါ ၎င်းတို့အနေဖြင့် ဒီမုဒိမ်းမှု(Rape Case)တွေကို လိုက်ပါကူညီဆောင်ရွက်ရာမှာ ကျူးလွန်ခံရတဲ့ကလေးတွေကို ကျောင်းပြန်အပ်တဲ့အခါ ကျောင်းကလက်မခံခြင်းများတစ်ခါတစ်ရံကြုံတွေ့ရကြောင်း တင်ပြဆွေးနွေးခဲ့ကြပါတယ်။ တချို့ Case တွေမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ NGO များ၊ CSO များက လိုက်ပါကူညီပေးလို့ အဆင်ပြေသွားပေမဲ့ ဒီလိုကူညီပေးနိုင်သူတွေ မသိလိုက်ဘဲနဲ့ ပညာရေးအညွန့်ချိုးခံလိုက်ရတဲ့ အမျိုးသမီးငယ်ရွယ်လေးတွေ ဘယ်လောက်များရှိနေမလဲ။ ပြစ်မှုကျူးလွန်လို့ထောင်ကျနေတဲ့သူတွေ လူငယ်သင်တန်းကျောင်းက ကလေးတွေတောင်မှ ပညာဆက်လက်သင်ကြားခွင့်ရပါတယ်။ ဒီလိုလိင်အကြမ်းဖက်ခံရတဲ့ အမျိုးသမီးငယ်လေးတွေကျမှ ပညာဆက်လက်သင်ဖို့အရေးခက်ခဲနေခြင်းမှာ မဖြစ်သင့်ပါဘူး။ အခုလိုအောက်ခြေမှာ အခက်အခဲတွေနဲ့

ရင်ဆိုင်နေရခြင်းမှာလည်း ဒီလိုကိစ္စတွေကို ဖြေရှင်းဖို့တိကျတဲ့ညွှန်ကြားချက်များမရှိခြင်းကြောင့်လို့ သုံးသပ်မိပါတယ်။ သို့ဖြစ်ပါ၍ လိင်အကြမ်းဖက်ခံရသော အမျိုးသမီးငယ်လေးများကို Double Punishment ပေးမိသကဲ့သို့မဖြစ်စေရန်လည်းကောင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(CEDAW)အရသော်လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေပုဒ်မ ၄၆ အရ ပညာရေးဆိုင်ရာအခွင့်အရေးများ ရရှိစေရန်လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနချင်း ချိတ်ဆက်ညှိနှိုင်း၍ တိကျသောမူဝါဒများ ချမှတ်ပြီး ညွှန်ကြားချက်များထုတ်ပြန်ပေးရန်နှင့် ညွှန်ကြားထားပြီးဖြစ်ပါကလည်း တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိစေရန်အတွက် ဆောင်ရွက်ပေးရန်လိုအပ်နေပါသဖြင့် အထက်ပါ မေးခွန်းကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ကျွန်တော့် အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီး ဌာနနှင့် ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနတို့ရဲ့ ဖြေကြားချက်များကို ပေါင်းစပ်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေး နိုင်ပါရန်နှင့် နှစ်မိနစ်ခန့် အချိန်ထပ်ဆောင်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ်မှာ အကြမ်းဖက်မှုများ၊ သက်ငယ်မုဒိမ်းမှုများကြုံတွေ့ လာရပါက တိုင်ကြားနိုင်ရန်ရည်ရွယ်ပြီးတော့မှ ကျွန်တော်တို့ရဲ့ Help Line ဖုန်းနံပါတ် ၀၆၇-၄၀၄၂၂၂ နှင့် ၀၆၇-၄၀၄၉၉၉ တို့သို့ တိုင်ကြားလာသောအမှုများကို ဖြေရှင်းဆောင်ရွက် ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၊ ပြည်သူများတိုင်ကြားလာခြင်းများကို ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုကဲ့သို့ တိုင်ကြားလာမှုများအား စနစ်တကျတုံ့ပြန်ဖြေရှင်းဆောင်ရွက်ပေးရာမှာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှာ လူမှုဝန်ထမ်းဦးစီးဌာနမှ Case Manager များခန့်အပ်ထားရှိပြီး တိုင်ကြားစာများအား တုံ့ပြန်ဖြေရှင်းပေးရာမှာ အကြမ်းဖက်ခံရသူများအား ယာယီလုံခြုံရေးနေရာများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး ချိတ်ဆက်ပေးခြင်း၊ တရားရေးဆိုင်ရာကိစ္စရပ်များ ချိတ်ဆက်ပေးခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ညှိနှိုင်းပေးခြင်းနှင့် အခြားဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အဆင့်နှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် စသည်ဖြင့် အဆင့်ဆင့်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများနှင့် အမျိုးသမီးကော်မတီများကို ဖွဲ့စည်းထားရှိရာ ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကော်မတီများမှာ လူမှုရေးဝန်ကြီးများကလည်းကောင်း၊ ခရိုင်/မြို့နယ်အဆင့်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကော်မတီနှစ်ရပ်လုံးမှာ လူမှုဝန်ထမ်းဦးစီးဌာနမှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်များအဖြစ် ပညာရေးဝန်ကြီးဌာနအပါအဝင် အခြားသက်ဆိုင်ရာဌာန အဖွဲ့အစည်းများအား ထည့်သွင်းဖွဲ့စည်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မူကြမ်း**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၄၆ ပုဒ်မခွဲ(က)ပါ ကလေးသူငယ်တိုင်းဟာ ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ပညာသင်ယူမှုဆိုင်ရာအခွင့်အရေးများ ရရှိစေရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်နဲ့ အညီ သက်ငယ်မုဒိမ်းမှုကျူးလွန်ခံရသော မိန်းကလေးငယ်များ ပညာသင်ယူမှုအခွင့်အရေး မဆုံးရှုံးစေရန် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ သက်ငယ်မုဒိမ်း ကျူးလွန်ခံရသော အတန်းပညာဆက်လက်သင်ယူလိုတဲ့ အမျိုးသမီးငယ်စုစုပေါင်း ၂၂၅ ဦးကို ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။ ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက် နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းနှင့်စပ်လျဉ်းပြီး ကလေး သူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အခန်း(၂၅) ပုဒ်မ ၉၇ နှင့်အညီ ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ လူမှုရေးထိခိုက်မှုများကို ဖြေရှင်းဆောင်ရွက်ရာမှာ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို တည်ဆောက်ပြီး ဒီစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်နိုင်ရေး၊ စံလုပ်ငန်းလမ်းညွှန်(SOP)ကို ရေးဆွဲထားပါတယ်။ လူမှုရေးထိခိုက်မှုများကို ဖြေရှင်းဆောင်ရွက်ရာမှာ လူမှုဝန်ထမ်းဦးစီးဌာနမှ စနစ်တကျလေ့ကျင့်သင်ကြားပေးထားတဲ့ Case Manager များကိုထားရှိကာ အကြမ်းဖက်ခံရသူများကို တိုက်ရိုက်ထိတွေ့ပြီး ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များဖြင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အခန်း(၁၆) ပုဒ်မ ၅၆ ၌ မည်သူမျှ ကလေး သူငယ်အပေါ် တစ်နည်းနည်းဖြင့် နစ်နာဆုံးရှုံးစေသည့် သို့မဟုတ် ထိခိုက်ဒဏ်ရာရစေသည့် ရုပ်ပိုင်း ဆိုင်ရာအကြမ်းဖက်ခြင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းကိုဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိုဖြစ်စေ မပြုလုပ်ရလို့ ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့်လည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကလေးသူငယ်များကို ဥပဒေနဲ့အညီ အခွင့်အရေးများရရှိရေး၊ အမျိုးသမီးငယ်များ လိင်အကြမ်းဖက်မှု

ကျူးလွန်ခြင်းမခံရစေရေးတို့အတွက်ကို အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများလိင်အကြမ်းဖက်ခြင်း ခံရမှုနှင့်ပတ်သက်ပြီး အရေးယူခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာရေးဥပဒေ(၂၀၁၉) ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်ဟု ရည်မှန်းချက်အနေဖြင့် ပြဋ္ဌာန်းထားရှိပြီး အခြေခံပညာရေးဆိုင်ရာ အခြေခံမူများအနေဖြင့် ပုဒ်မ ၄ တွင်ပြဋ္ဌာန်းထားရှိရာ အခြေခံပညာကို နိုင်ငံသားတိုင်းသင်ယူ တတ်မြောက်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခြင်းမရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် အခြေခံပညာရေးကို သင်ယူခွင့်ရရှိရေးကို ပြဋ္ဌာန်း ထားရှိပါတယ်။

သို့ဖြစ်ပါ၍ လိင်အကြမ်းဖက်ကျူးလွန်ခံရသော အမျိုးသမီးငယ်ရွယ်များအနေဖြင့်လည်း ဥပဒေများနှင့်အညီ ပညာဆက်လက်သင်ကြားခွင့်ရရှိမှာဖြစ်ပါတယ်။ စောစောက လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့အတိုင်းပါပဲ။ တာဝန်ထမ်းဆောင်နေတဲ့ Stakeholder ပါဝင် ပတ်သက်သူတွေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးကလည်း မိမိတို့ရဲ့ဥပဒေများကို သိရှိကြည်က် ပြီးတော့မှ၊ ကာကွယ်စောင့်ရှောက်ရမယ့်ကိစ္စရပ်များကို ဆက်လက်ပြီးတော့မှ အသိပညာပေးခြင်း များနှင့် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရွယ်မတိုင်မီ လိင်အကြမ်းဖက်မှုကျူးလွန်ခံရမှုများ မရှိနိုင်ရေးအတွက် တားဆီးကာကွယ်စောင့်ရှောက်ရေးနှင့် လျှော့ချရေးဆောင်ရွက်ခြင်း၊ လိင်အကြမ်းဖက် ကျူးလွန်ခံရမှုများရှိလာပါကလည်း ပညာသင်ယူမှု မဆုံးရှုံးရေးနှင့် လူမှုရေး၊ စိတ်ကျန်းမာရေးများ အထူးဂရုပြုနိုင်ရေးစီစဉ်၍ ကျောင်းပညာဆက်လက် သင်ယူခြင်း၊ ကျောင်းပြင်ပရောက်သင်ယူလိုသူများအတွက်ကိုလည်း အရည်အသွေးရှိသော ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းတန်းညှိအစီအစဉ်များနှင့် အခြားကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအစီအစဉ်များဖြင့် ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်

**မူကြမ်း**

နေပါတယ်။ အလယ်တန်းအဆင့်ပြီးမြောက်သော ကျောင်းသူကျောင်းသားများအား နည်းပညာ၊ အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးတို့ကို မြို့ပြသင်ယူမှုအခွင့်အလမ်းများနည်းတူ ကျေးလက်ဒေသများတွင်လည်း သင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် အသက်မွေးဝမ်းကျောင်းပညာများသင်ယူနိုင်တဲ့ အခွင့်အရေးများလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှာ ကျောင်းသားကျောင်းသူများကို ကျောင်းအပ်လက်ခံရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်(နိုင်)(ပြု)(ဧည့်) ကိုင်ဆောင်သူများဖြစ်ပါက မည်သည့်ခွဲခြားမှုမျှမပြုလုပ်ဘဲ ကျောင်းအပ်နှံခွင့်နှင့် ဆက်လက်ပညာသင်ကြားခွင့်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များအားလုံးကို ညွှန်ကြားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းနှင့်စပ်လျဉ်းပြီး အမျိုးသမီးငယ်များအပေါ်မှာ လိင်အကြမ်းဖက်မှုလျှော့နည်းကျဆင်းရေးအတွက် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိတဲ့အပြင် သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ပြည်သူများနှင့်အတူ အသိပညာပေးကာကွယ်တားဆီးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လိင်အကြမ်းဖက်ကျူးလွန်ခံရသော အမျိုးသမီးငယ်များအား တန်းတူပညာသင်ကြားခွင့်ရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူနိုင်ရေးနှင့် ယင်းတို့ဘဝအတွက် ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိရှိဖြင့် စိတ်လုံခြုံမှုပြည့်ဝစွာ အသက်ရှင်နေထိုင်သွားနိုင်ရေးတို့အတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးတဲ့အစီအစဉ်များကို သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျောင်းသူကျောင်းသားများကိုလည်း ပြဋ္ဌာန်းထားရှိပြီးတဲ့ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မည်သည့်ခွဲခြားမှုမျှမပြုလုပ်ဘဲ ပညာသင်ယူမှုအခွင့်အလမ်းများရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။မိုက်ပေးပါ။

**မူကြမ်း**

**ဒေါက်တာဒေါ်ကြည်မိုမိုလွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒီထဲမှာဆိုလို့ရှိရင် လိင်အကြမ်းဖက်ခံရတဲ့ အမျိုးသမီးငယ်လေးတွေအတွက် Case by Case ဖြေရှင်းပေးနေတာ လေးတွေကို သိရှိရပါတယ်။ ကျွန်မတို့ လေ့လာရေးခရီးစဉ်တွေမှာလည်း တွေ့ရပါတယ်။ ဒီမေးခွန်း မေးရတဲ့ရည်ရွယ်ချက်က စာသင်ကျောင်းတွေက ဆရာဆရာမတွေကိုလည်း အပြစ်တင်လိုခြင်း အလျင်းမရှိပါဘူး။ ဆရာဆရာမတွေ ဒီလိုအမှုကိစ္စတွေကို ဖြေရှင်းဆောင်ရွက်ရာမှာ ဒွိဟမဖြစ်စေဖို့ တိကျတဲ့လမ်းညွှန်ချက်တွေရှိစေဖို့လည်း ရည်ရွယ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေအရဆိုရင်လည်း အသက် ၁၈ နှစ်မပြည့်တာကို ကလေးသူငယ်လို့ ဥပဒေအရသတ်မှတ်ပါတယ်။ ပြီးလို့ရှိရင် ရာဇသတ်ကြီးဥပဒေမှာလည်း အသက် ၁၆ နှစ်အောက်ဖြစ်တယ်ဆိုလို့ရှိရင် ကာယကံရှင်သဘောတူရင်တောင်မှ ဒါက Rape Case ဖြစ်ပါတယ်။ ဒီအချိန်မှာ ဆရာဆရာမတွေအတွက်က ဒီလို Case တွေမှာဆိုရင် ဒွိဟဖြစ်စရာ ရှိပါတယ်။ အသက် ၁၄၊ ၁၅ နှစ် အရွယ်မိန်းကလေးတွေအတွက်ဆိုရင် သူတို့က ဒွိဟဖြစ်စေပါတယ်။ ဒီဟာကာ အလိုတူအလိုပါကြောင့်ဆိုပြီးတော့ သတ်မှတ်ပြီးဖြေရှင်းရခက်တာ ဒွိဟဖြစ်တာတွေ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလိုဆရာဆရာမတွေအတွက် ဒွိဟဖြစ်ရတဲ့ ဒီလိုအရွယ်မိန်းကလေး တွေအတွက်ဆိုရင်ရော ဘယ်လိုမျိုးဒွိဟမဖြစ်ရအောင် ညွှန်ကြားပေးမယ်ဆိုတာကိုလည်း သိရှိလို ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ အကြမ်းဖက်ခံရတဲ့ ကလေးသူငယ်များက ပညာ ဆက်လက်သင်ကြားနိုင်ဖို့အတွက်ကို ဒွိဟမဖြစ်စေဖို့အတွက် အဓိကအားဖြင့် သက်ဆိုင်ရာ စာသင် ဆရာဆရာမများ၊ ကျောင်းအုပ်များ သူတို့အပေါ်မှာအများကြီး မူတည်ပါတယ်။ ဥပဒေများရော၊

မူဝါဒများပါ၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အခုလို သက်ဆိုင်ရာဝန်ထမ်းများအနေနဲ့ မိမိတို့ရဲ့ Mind-set များပြုပြင်ပြောင်းလဲနိုင်ဖို့ရယ်၊ ဥပဒေများကို ကျေကျေညက်ညက်နားလည်သိရှိနိုင်ဖို့အတွက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဖြည့်စွက်အကြံပြုချက်အပေါ်မှာမူတည်ပြီး ပညာရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ပြီးပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သက်ကြီးရွယ်အိုများအား စရိတ်ထောက်ပံ့ရာတွင် မှတ်ပုံတင် အိမ်ထောင်စုစာရင်းမပြသနိုင်သော၊ မွေးသက္ကရာဇ်မှားယွင်းနေသူများအတွက် မည်သို့ပြန်လည်စိစစ်ထည့်သွင်းပေးမည်နှင့် နောင်အနာဂတ်တွင် သက်ကြီးရွယ်အိုများအတွက် ရေရှည်ကူညီစောင့်ရှောက်နိုင်ရန် မည်သို့စီမံဆောင်ရွက်မည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဥက္ကာ(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဥက္ကာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများအား စရိတ်ထောက်ပံ့ပေးရာတွင် မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမပြနိုင်သော၊ မွေးသက္ကရာဇ်မှားယွင်းနေသော သက်ကြီးရွယ်အိုများအား မည်သို့ပြန်လည်စိစစ်ထည့်သွင်းပေးမည်နှင့် နောင်အနာဂတ်တွင် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသောမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ သက်ကြီးရွယ်အိုဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေအရ သက်ကြီးရွယ်အိုများအား နိုင်ငံတော်မှ တစ်လလျှင် ၁၀၀၀၀ ကျပ်ဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိနေပါတယ်။ ၂၀၁၄ ခုနှစ်၊ လူဦးရေသန်းခေါင်စာရင်းထုတ်ပြန်ချက်အရ နိုင်ငံ့လူဦးရေ သန်း ၅၀ ကျော်အနက် ၈.၉ ရာခိုင်နှုန်းမှာ သက်ကြီးရွယ်အိုများဖြစ်ပြီး ဦးရေအားဖြင့် ၄.၅ သန်းခန့်ရှိကြောင်း သိရပါတယ်။ ၂၀၃၀ ပြည့်နှစ်ရောက်ရင် နိုင်ငံ့လူဦးရေ ၁၃.၈ ရာခိုင်နှုန်းအထိရှိလာနိုင်ပြီး ဦးရေ ၇.၉ သန်းခန့်ရှိလာမည်ဟု ခန့်မှန်းကြပါတယ်။ ထို့ကြောင့် သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ရှိနေပါတယ်။ သုတေသနစစ်တမ်းတွေအရ ၁၉၇၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သက်ကြီးရွယ်အိုများအား နှစ်စဉ်စုစုပေါင်းလူဦးရေ၏ ၁.၄ ရာခိုင်နှုန်းသာရှိသော်လည်း အသက်(၆၀)နှင့်အထက်လူဦးရေမှာ နှစ်စဉ် ၂.၄ ရာခိုင်နှုန်းတိုးတက်လျက်ရှိကြောင်း သိရပါတယ်။

မြို့ပြက ကျေးလက်ဒေသထက် သက်ကြီးရွယ်အိုအရေအတွက် ပိုမိုများပြားလာကြောင်းကို သိရှိရပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ သက်ကြီးရွယ်အိုလူဦးရေပမာဏတိုးတက်မှုအမြင့်ဆုံးနှင့် လက်ရှိအတိုင်းဆက်လက်တိုးပွားလာမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်တွင် အချက်အခြာကျသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စုစုပေါင်းလူဦးရေတိုးတက်လာမှုနှင့်အတူ အသက်(၆၀)နှင့်အထက် သက်ကြီးရွယ်အိုများပြားလာမည့်အခြေအနေနှင့် ကြုံတွေ့လာနိုင်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ ထိုအခြေအနေတွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ သတင်းအချက်အလက်ကောက်ယူမှု၊ ရရှိမှုအားနည်းခြင်း၊ နိုင်ငံတော်၏ထောက်ပံ့မှုကို မခံစားရသည့် သက်ကြီးရွယ်အိုများ အများအပြားရှိနေပါတယ်။ မိမိရဲ့မဲဆန္ဒနယ်မှာလည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် တရားဥပဒေစိုးမိုးမှုနည်းပါးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ လာရောက်စစ်ဆေးပါက

မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားအဆင်သင့်ပြသနိုင်ရန် ဆောင်ထားရခြင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများအား အသိမ်းလွန်ခြင်း၊ တောင်ယာတဲများတွင်ထားရှိမှုကြောင့် တောင်ယာမီးရှို့ရာတွင်ပါဝင်သွားခြင်း၊ ထပ်မံပြုလုပ်ရာတွင် ခုနှစ်သက္ကရာဇ်များမှားယွင်းစွာထည့်သွင်းမိခြင်း၊ ဥပဒေကိုပြည်သူများက နားမလည်ခြင်း၊ အောက်ခြေဝန်ထမ်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခြင်းကြောင့် အချို့သောသက်ကြီးဘိုးဘွားများဟာ နိုင်ငံတော်၏အထောက်အပံ့ကိုမခံစားရဘဲ ပေးကားပေး၏ မရ ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ မိဘပြည်သူများကိုယ်စားမေးမြန်းလိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများအား စရိတ်ထောက်ပံ့ပေးရာတွင် မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမပြသနိုင်သော၊ မွေးသက္ကရာဇ်မှားယွင်းနေသော သက်ကြီးရွယ်အို များအား မည်သို့ပြန်လည်စိစစ်ထည့်သွင်းပေးမည်နှင့် နောင်အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် နိုင်ငံတော်မှ ကူညီစောင့်ရှောက်သွားနိုင်ရန် ရေရှည်စီမံကိန်းအား မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဥက္ကာရဲ့ သက်ကြီးရွယ်အိုများ၊ ဘိုးဘွားများနှင့်ပတ်သက်ပြီး မေးထားတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော့်အနေနဲ့ ဆက်လက်

ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်က အတည်ပြုပြဋ္ဌာန်းပြီးသော သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေရဲ့ အခန်း(၂) ရည်ရွယ်ချက် ပုဒ်မ ၃ ပုဒ်မခွဲ(ခ)၊ အခန်း(၅) သက်ကြီးရွယ်အိုများ၏အခွင့်အရေးများ၊ အခန်း(၈)မှာ ဝင်ငွေပံ့မှန် ရရှိရေးပါ ပြဋ္ဌာန်းချက်များအရ အကောင်အထည်ဖော်တဲ့အနေနဲ့ သက်ကြီးရွယ်အိုများဝင်ငွေပံ့မှန် ရရှိစေရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး လူမှုရေးပင်စင်ထောက်ပံ့ရေးအစီအစဉ် ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီးတော့ အသက်(၉၀)နှစ်နှင့် အထက် သက်ကြီးရွယ်အိုများကို တစ်လလျှင် တစ်ဦးကို ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလလျှင် တစ်ကြိမ် ထောက်ပံ့လျက်ရှိရာမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အသက်ကန့်သတ်ချက်ကို(၈၅)နှစ် အထိလျှော့ချပြီး ထောက်ပံ့ပေးလျက ရှိပါကြောင်းနှင့် လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ဧပြီ-မေ-ဇွန် အတွက် အကျိုးခံစားခွင့်ရှိသူ သက်ကြီးရွယ်အို ၂၀၀၃၀၁ ဦး ရှိပါတယ်။ လဲချားမြို့နယ်ရှိ ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စုရှစ်ခုမှာတော့ လူမှုရေးပင်စင် အကျိုး ခံစားခွင့်ရှိသူ ၄၁ ဦးရှိပါတယ်။

အစီအစဉ်မှာ အကျုံးဝင်သော သက်ကြီးရွယ်အိုများနှင့် အသက်အထောက်အထားအတွက် မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အိမ်ထောင်စုလူဦးရေပုံစံ(၆၆/၆)ပါ မွေးသက္ကရာဇ်တို့ဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ပါတယ်။ ယင်းအထောက်အထားများမရှိသော သက်ကြီး ရွယ်အိုများနှင့် မွေးသက္ကရာဇ်မှားယွင်းနေသော သက်ကြီးရွယ်အိုများအတွက် တင်ပြပါအတိုင်း လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ငန်းစဉ်(၁)ကတော့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်ရွာမှယုံကြည်လေးစားရတဲ့ ရပ်မိရပ်ဖနှစ်ဦး စုစုပေါင်းသုံးဦးကနေပြီးတော့မှ နိုင်ငံသားစိစစ်ရေးလက်မှတ် သို့မဟုတ် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) လုံးဝမရှိကြောင်း ထောက်ခံ၍ သက်ဆိုင်ရာမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံ တင်ပြခြင်းဖြစ်ပါတယ်။

**မှူကြမ်း**

လုပ်ငန်းစဉ်(၂)အနေနဲ့ ကတော့ အဲဒီမြို့နယ်အုပ်ချုပ်ရေးမှူးကနေပြီးတော့မှ ထပ်ဆင့်ထောက်ခံပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများသို့ ဆက်လက်တင်ပြခြင်းဖြစ်ပါတယ်။ လုပ်ငန်းစဉ်(၃)အနေနဲ့ကတော့ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးတွေက သက်ဆိုင်ရာပြည်သူ့အင်အားဦးစီးဌာနနှင့် ချိတ်ဆက်ပြီးတော့မှ သက်ကြီးရွယ်အိုစာရင်းများတိုက်ဆိုင်စစ်ဆေးပြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်သို့တင်ပြခြင်းတို့ဖြစ်ပါတယ်။ နောက်ဆုံး လုပ်ငန်းစဉ်(၄)အနေနဲ့ကတော့ လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်ဟာ ပေးပို့လာတဲ့ သက်ကြီးရွယ်အိုများစာရင်းကို စိစစ်အတည်ပြုပြီး ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက်ခြင်းဆိုတဲ့ လုပ်ငန်းစဉ်(၄)ဆင့်နဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ လူမှုဝန်ထမ်းရုံးရှိတဲ့နေရာတွေမှာတော့ လူမှုရေးပင်စင်ထောက်ပံ့မှုကို သက်ဆိုင်ရာလူမှုဝန်ထမ်းရုံးက တိုက်ရိုက်ထောက်ပံ့ပြီးတော့ လူမှုဝန်ထမ်းရုံးမရှိတဲ့ခရိုင်၊ မြို့နယ်များမှာ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက တစ်ဆင့် ထောက်ပံ့ပေးပါတယ်။ သက်ကြီးရွယ်အိုဘိုးဘွားများစာရင်း ကောက်ယူမှုကိုတော့ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ဆောင်ရွက်ပါတယ်။ ရှမ်းပြည်နယ်၊ လှိုင်လင်ခရိုင်နှင့် လဲချားမြို့နယ်တို့မှာ လူမှုဝန်ထမ်းရုံးဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့အတွက် လဲချားမြို့နယ်အတွင်း လဲချားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကတစ်ဆင့် စာရင်းပြုစုခြင်း၊ ထောက်ပံ့ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သက်ကြီးရွယ်အိုများရဲ့ အသက်အထောက်အထားအတွက် ပြည်သူများရှင်းရှင်းလင်းလင်းသိရှိနိုင်ရန် ရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များတွင်ထုတ်လွှင့်ပေးခြင်း၊ တစ်တိုင်းတစ်ပြည်လုံးမှာရှိတဲ့ လူမှုဝန်ထမ်းရုံးများမှ လူမှုရေးပင်စင်ထောက်ပံ့ရေးအစီအစဉ်နဲ့ပတ်သက်တဲ့ ရပ်ရွာအတွင်း အသိပညာပေးခြင်းအစီအစဉ်များနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မူကြမ်း**

ယခုလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြချက်အရဆိုလို့ရှိရင် ပြည်သူများကြားမှာ ပြည့်ပြည့် ဝဝအသိပညာဗဟုသုတမရှိနိုင်သေးတဲ့အတွက် ဆက်လက်ပြီး ဒီလုပ်ငန်းတွေကို ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်ကစပြီး ဒီကနေ့အထိ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ကြီးရွယ်အိုဘိုးဘွားများမှာ လူမှုရေးပင်စင်မရရှိမှုနဲ့ အပြည့်အဝမရရှိမှုများနှင့် ပတ်သက်၍ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာမှာ စုစုပေါင်းတင်ပြချက် ၁၈ ခု အနက် တင်ပြချက် ၁၂ ခုကို ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် တင်ပြချက် ခြောက်ခုအား ဆောင်ရွက်ဆဲဖြစ်ကြောင်း တင်ပြလိုပါတယ်။ ထပ်မံပေါ်ပေါက်လာမယ့် စစ်ဆေးတွေ့ရှိလာတဲ့ သက်ကြီးရွယ်အိုဘိုးဘွားများကို ဖြည့်စွက်ရန်ပုံငွေများတွင် ထည့်သွင်းတောင်းခံ၍ ထောက်ပံ့ ပေးလျက်ရှိပြီး အထောက်အထားပြည့်စုံကြောင်းတင်ပြလာသည့်လမှစပြီးတော့ ထောက်ပံ့ပေး ပါတယ်။ အနာဂတ်တွင် အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအနေနဲ့ ရေရှည်ရန်ပုံငွေ ရရှိနိုင်ရေးအားရည်ရွယ်ပြီး ကာလရှည်ရန်ပုံငွေရန်ပုံငွေရရှိရေးမဟာဗျူဟာ(Long-term Financing Strategy)ကို ဆက်စပ်ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အပြီးသတ် ရေးဆွဲလျက်ရှိပါတယ်။ ဒီမဟာဗျူဟာမှာဆိုရင် ယေဘုယျအားဖြင့် အစီအစဉ်အကောင်အထည်ဖော်မှု အတွက် ဘဏ္ဍာရေးနှစ်အလိုက် ရင်းနှီးမြှုပ်နှံရမယ့်ရန်ပုံငွေပမာဏကို ကြိုတင်ခန့်မှန်းတွက်ချက်မှု များ ထိုရင်းနှီးမြှုပ်နှံရမယ့်ပမာဏအတွက် ရန်ပုံငွေရရှိနိုင်မယ့် အဆိုပြုနည်းလမ်းများနှင့် တိုးချဲ့ ဆောင်ရွက်သွားနိုင်မယ့်အစီအစဉ်များလည်း ပါဝင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းနှင့်စပ်လျဉ်း၍ အသက်အထောက်အထား မရှိသော သက်ကြီးရွယ်အိုများနှင့် မွေးသက္ကရာဇ်မှားယွင်းနေသောသက်ကြီးရွယ်အိုများကို စိစစ် အတည်ပြု၍ ထောက်ပံ့ပေးနိုင်ရန် ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း နှင့်လည်း နောင်အနာဂတ်တွင် တိုးပွားလာမယ့်သက်ကြီးရွယ်အိုများအတွက် ရန်ပုံငွေအပြည့်အဝ

ရရှိရေး (Long–term Financing Strategy)ရေးဆွဲဖို့ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပူတာအိုမြို့နယ်ရှိ ပူတာအို–နမ်ထွမ်ခူးကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်း ၁၄/၅ မိုင်အား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြ မေးခွန်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တင်ထားခဲ့သောမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းသွားမယ့်မေးခွန်းမှာ ပူတာအိုမြို့နယ်အတွင်းရှိ သတ်မှတ်အဆင့်(A)လမ်းဖြစ်သော ပူတာအို–နမ်ထွမ်ခူးကျေးရွာချင်းဆက် ကျောက်ချောလမ်း ၁၄/၅ မိုင်အား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေး နှစ်တွင် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်သော ပူတာအိုမြို့နယ်၊ နမ်ထွမ်ခူးကျေးရွာအုပ်စုသည် ပူတာအိုမှ ၁၄/၅ မိုင်ကျော်ဝေးပြီး ပူတာအိုမြို့၏အနောက်ဘက်ဆုံး တောတောင်များ

ပတ်လည်ဝန်းရံထားသောချိုင့်ဝှမ်းတွင် တည်ရှိသည့်ကျေးရွာအုပ်စုဖြစ်ပါတယ်။ ကျေးရွာအုပ်စုတွင် အိမ်ခြေ ၃၆၁ အိမ်၊ လူဦးရေ ၂၂၈၃ ဦးနေထိုင်သော ကျေးရွာအုပ်စုကြီး ဖြစ်ပါတယ်။ အုပ်စုတွင်းအထက်တန်းကျောင်းခွဲ၊ အလယ်တန်း၊ မူလတန်း၊ ကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် ဘုရားကျောင်း ခြောက်ကျောင်းရှိသော ကျေးရွာကြီးလည်းဖြစ်ပါတယ်။ ဒေသခံမိဘ ပြည်သူများသည် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးများလုပ်ကိုင်လျက်ရှိသောကြောင့် ထွက်ရှိ လာသော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို အလွယ်တကူရောင်းချနိုင်ရေးအတွက် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်မှသာလျှင် ဒေသခံမိဘပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝပြောင်းလဲတိုးတက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော် အခုတင်ပြတဲ့လမ်းဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ထားသောကျောက်ချောလမ်းအပိုင်းများမှာ ပျက်စီးလျက်ရှိနေတာ တွေ့ရတာဖြစ်ပါတယ်။ အမြန်ဆုံးပြုပြင်ခြင်း သို့မဟုတ် အဆင့်မြှင့်ဆောင်ရွက်မှသာလျှင် ဒေသခံမိဘပြည်သူများသွားလာရေးအဆင်ပြေမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပူတာအိုမြို့နယ်အတွင်း သတ်မှတ်အဆင့်(A)လမ်းဖြစ်သော ပူတာအို-နမ်ထွမ်ခူး ကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်း ၁၄/၅ မိုင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံမိဘပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေရဲ့ ပူတာအိုမြို့နယ်၊ သတ်မှတ်အဆင့်

(A) လမ်းဖြစ်တဲ့ ပူတာအို-နမ်ထွမ်ခူးကျေးရွာအုပ်စုချင်းဆက်ကျောက်ချောလမ်း ၁၄/၅ မိုင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ်မှာရှင်းလင်းဖြေကြားသွားပါမယ်။ ကချင်ပြည်နယ် ပူတာအို-နမ်ထွမ်ခူး လမ်းကို ကျောက်ချောလမ်းအဖြစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကနေပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကနေစတင်ပြီးတော့ ကျောက်လမ်း၄းမိုင်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက် လမှာ ကျောက်လမ်း ၅/၄ မိုင်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လမှာ ကျောက်လမ်းနှစ်မိုင်နဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်း ၁/၄ မိုင် စုစုပေါင်းကျောက်လမ်း ၁၄ မိုင် ဆောင်ရွက် ခဲ့ပေးပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ပူတာအို-နမ်ထွမ်ခူး ကျောက်ခင်း လမ်းကို ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် ပတ်သက်ပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်မှာ စိစစ်တင်ပြပြီး ဖြစ်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် အဆိုပါလမ်းအဆင့်မြှင့်တင် နိုင်ရေးအတွက် ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများက လက်ရှိလမ်းအသုံးပြု နိုင်မှုအခြေအနေ၊ လမ်းအဆင့်မြှင့်တင်ပေးရန် လတ်တလောလိုအပ်မှုရှိ/မရှိ၊ ခန့်မှန်းကုန်ကျငွေနှင့် ဒေသအတွက်အကျိုးပြုနိုင်မှု အလားအလာ တို့အပေါ်မှာ ကွင်းဆင်းစိစစ်ပါမယ်။ ကွင်းဆင်း စိစစ်ပြီးတော့မှ ကချင်ပြည်နယ်အစိုးရ အဖွဲ့ကိုတင်ပြပြီးတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့က ဒေသရဲ့ တင်ပြချက်အပေါ်မှာစိစစ်သုံးသပ်၍ သတ်မှတ်စီမံကိန်းအဆိုပြုလွှာပုံစံဖြင့် ရန်ပုံငွေကိုဆက်လက် တင်ပြလာပါက ဘဏ္ဍာငွေခွဲဝေရရှိမှု အပေါ်မူတည်ပြီးတော့ အနီးစပ်ဆုံးဘဏ္ဍာရေး ပြည်ထောင်စုရန်ပုံငွေမှာ အပိုင်း လိုက်ထည့်သွင်းလျာထား ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။

**မူကြမ်း**

**ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာအုပ်စုတွင် အရှည်(၇၇x ၁၂ x ၁၀ ပေ)ရှိ နမ်ငွန်းနွဲ့ချောင်းကူး တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်အဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာအုပ်စု၊ နမ်ငွန်းနွဲ့ချောင်းကူးတံတားအရှည်(၇၇ x ၁၂ x ၁၀ ပေ)ရှိတဲ့ တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိမေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့၊ မိုင်းငွန်းရွာအနီးတစ်မိုင်ခန့်တွင် စီးဆင်းလျက်ရှိသော နမ်ငွန်းနွဲ့ချောင်းသည် မိုးတွင်းကာလတွင် တောင်ကျရေများစီးဆင်းခြင်းကြောင့် ချောင်းရေကြီးကာ သွားလာရန်ခက်ခဲသောချောင်းဖြစ်ပြီး ချောင်းတစ်ဖက်ရှိ ကျေးရွာများတွင်နေထိုင်သည့် ရွာသူရွာသားများအနေဖြင့် အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ နိမ့်ကျလျက်ရှိပါတယ်။ ၎င်းနမ်ငွန်းနွဲ့ချောင်းကို အရှည်(၇၇ x ၁၂ x ၁၀ ပေ)ရှိတဲ့ တံတားတစ်စင်း တည်ဆောက်ပေးမည်ဆိုပါက ချောင်းတစ်ဖက်ရှိ ကာလန်းရွာ၊ နောင်ကျန့်ရွာ၊ ပါယာရွာတို့မှာ နေထိုင်တဲ့ ရွာသူရွာသား ပြည်သူ ၅၀၀ ဦးခန့်နှင့် အိမ်ခြေ ၁၅၀ ခန့်တို့၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူမည်ဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီမရွေးသွားလာနိုင်သည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အထူးသဖြင့် ဆေးရုံနဲ့ဆရာဝန်မရှိတဲ့အတွက် အရေးပေါ်လူနာ၊ အရေးကြီးမွေးလူနာများရှိပြီး မိုးရွာရေကြီးတဲ့

အချိန်ဆိုရင် ဖြတ်ကူးမရတဲ့အတွက် ကံဆိုးခဲ့ရတဲ့လူနာလည်း များစွာရှိခဲ့ဖူးတဲ့အတွက် ထိုသို့သော ဒုက္ခဆင်းရဲကိုကျော်လွှန်နိုင်ရေးအတွက် တံတားတစ်စင်းတည်ဆောက်ပေးရန် အမှန်တကယ် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမှန်တကယ်လိုအပ်လျက်ရှိသော နမ်ငွန်းနွဲ့ချောင်းကူးတံတား တစ်စင်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့ ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာအုပ်စု နမ်ငွန်းနွဲ့ ချောင်းကူးတံတား(၇၇ x ၁၂ x ၁၀ ပေ)ရှိ တံတားတစ်စင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာ အုပ်စု၊ နမ်ငွန်းနွဲ့ချောင်းကူးတံတားဟာ လွိုင်မွေ-မိုင်းငွန်း-မိုင်းကိုင်လမ်းပေါ်ရှိ မိုင်းငွန်းကျေးရွာ အနီးမှ ကာလန်း-နောင်ကျန့်ကျေးရွာများသို့သွားတဲ့လမ်းပေါ်မှာ တည်ရှိပါတယ်။ နမ်ငွန်းနွဲ့ ချောင်းဟာ မိုးရာသီရေများချိန်မှာ ချောင်းရေပြင်အကျယ် ၅၀ ပေ၊ အနက်ငါးပေခန့် စီးဆင်းလျက်ရှိပါတယ်။ လွိုင်မွေ-မိုင်းငွန်း- မိုင်းကိုင်လမ်းပိုင်းဟာ အရှည် ၄၀ မိုင်ခန့်နှင့် မိုင်းငွန်း- ကာလန်း-နောင်ကျန့်လမ်းပိုင်းဟာ အရှည် ၁၅ မိုင်ခန့်ရှိတဲ့ မြေသားလမ်းများဖြစ်ပြီးတော့ လမ်းအကျယ်က ၁၄ ပေနှင့် ၁၂ ပေကြားမှာရှိကာ ပွင့်လင်းရာသီမှသာ မော်တော်ယာဉ်များ သွားလာနိုင်ကြောင်းလည်း သိရှိရပါတယ်။ နမ်ငွန်းနွဲ့ချောင်းကူးတံတားတည်ရှိရာ မိုင်းငွန်း- ကာလန်း-နောင်ကျန့်လမ်းပိုင်းနှင့်ဆက်စပ်နေတဲ့ မိုင်းငွန်း-မိုင်းကိုင်ကျေးရွာအုပ်စုချင်းဆက်လမ်း

၂၁ မိုင်နဲ့ပတ်သက်ပြီးတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး (ပြည်နယ်အစိုးရ) ရန်ပုံငွေမှာ လမ်းပိုင်းအလိုက် မြေသားချဲ့ထွင်၍ ကျောက်ဖြန့်ခင်းခြင်း လုပ်ငန်းနှင့် လိုအပ်တဲ့ တံတား၊ Box Culvert များအား အဆိုပြုတင်ပြထားရှိကြောင်း ဒေသရဲ့စိစစ်ချက်အရ သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျိုင်းတုံမြို့နယ်၊ မိုင်းငွန်းကျေးရွာအုပ်စု၊ နမ်ငွန်းနဲ့ချောင်းကူးတံတား တည်ဆောက်ရေးနှင့်ပတ်သက်ပြီးတော့ မိုင်းငွန်း-မိုင်းကိုင်ကျေးရွာအုပ်စုချင်းဆက် ၂၁ မိုင် လမ်းတာ ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မေးခွန်းပါတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတံတားနဲ့ပတ်သက်ပြီးတော့ စိစစ်တိုင်းတာမှုတွေပြုလုပ်ပါမယ်။ ပြီးလို့ရှိရင် ရှမ်းပြည်အစိုးရအဖွဲ့ကို တင်ပြပေးခိုင်းပါမယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒေသရဲ့တင်ပြချက်ပေါ်စိစစ်သုံးသပ်၍ သတ်မှတ်စီမံကိန်းအဆိုပြုလွှာ ပုံစံဖြင့် ရန်ပုံငွေဆက်လက်တင်ပြလာမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်ရှိ ပြည်သူလူထုအတွက် သောက်သုံးရေလုံလောက်စွာရရှိရေးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိအနေနဲ့ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်ရှိ ပြည်သူလူထု

အတွက် သောက်သုံးရေလုံလောက်စွာရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ့် အစီအမံနဲ့ စပ်လျဉ်းပြီး သိရှိလိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပန်ဆောင်မြို့ပေါ်ပြည်သူတွေရဲ့ နေ့စဉ်သောက်သုံးရေရှားပါးမှုအခက်အခဲကို ဖြေရှင်းဆောင်ရွက်ပေးဖို့ လွှတ်တော်ထဲမှာရော နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်တွေရဲ့ခရီးစဉ်တွေမှာပါ အကြိမ်ကြိမ်တင်ပြတောင်းခံခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့အချိန်အထိ ပန်ဆောင်မြို့ပေါ်ပြည်သူတွေအတွက် သောက်သုံးရေရရှိရေးလုပ်ငန်းကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မှုမရှိတာကို တွေ့မြင်နေရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမမှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီးပြုလုပ်တဲ့ အစည်းအဝေးမှာလည်းပဲ ဒုံဟီးမြို့ပေါ်နှင့် ပန်ဆောင်မြို့ပေါ်ပြည်သူများအတွက် အဓိကလိုအပ်ချက်တစ်ခုအပါအဝင်ဖြစ်တဲ့ သောက်သုံးရေရရှိနိုင်ရေး ဆောင်ရွက်ပေးဖို့ တင်ပြခဲ့တဲ့အပေါ်မှာ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်က ရေရရှိရေးဟာအရေးကြီးဆုံးဖြစ်ပြီး ဦးစားပေးဆောင်ရွက်ပေးဖို့ ညွှန်ကြားခဲ့တာကိုကြားသိခဲ့ရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ သဘောထားမှတ်ချက်နဲ့ ဒုံဟီးမြို့ပေါ်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးဘတ်ဂျက်နဲ့ မြို့စည်ပင်ကတာဝန်ယူပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။

သို့သော်လည်းပဲ ဒီအစီအမံကိုဘယ်လိုပုံစံနဲ့ဘယ်သူတွေက ဆောင်ရွက်တယ်ဆိုတာ ကျွန်တော်တို့မသိရပါဘူး။ ပြီးတာတော့ပြီးသွားပေမဲ့လို့ ဒီနေ့အချိန်အထိအဲဒီရေကန်ဟာ ရေမရှိပါဘူး။ ဒီနေ့ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာလည်း ပန်ဆောင်မြို့ပေါ်သောက်သုံးရေရရှိရေးအတွက် ဘတ်ဂျက်ပါလာတာကိုတွေ့ရလို့ ဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ကျွန်တော်တို့ ပန်ဆောင်မြို့အနီးတစ်ဝိုက်မှာ ရာသီမရွေးမခန်းနိုင်တဲ့ ရေအရင်းအမြစ်ကောင်းတဲ့ချောင်းတွေရှိပါတယ်။ စနစ်တကျကွင်းဆင်းတိုင်းတာတွက်ချက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့ ပန်ဆောင်မြို့ ပေါ်ပြည်သူတွေအတွက် သောက်သုံးရေလုံလုံလောက်လောက်ရရှိနိုင်မှာ ဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်တဲ့ အတွက် ပန်ဆောင်မြို့ပေါ်ပြည်သူတွေ ကြုံတွေ့နေရတဲ့ သောက်သုံးရေရှားပါးမှု အခက်အခဲကို အမှန် တစ်ကယ် မြေပြင်မှာထိထိ ရောက်ရောက်အကျိုးပြုနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက် ပေးမယ့်အစီအမံကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား အထက်ပါ မေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှရဲ့ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ်ရှိ ပြည်သူလူထုများအတွက် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ပေါ် သောက်သုံးရေရရှိရေးနှင့်ပတ်သက်ပြီးတော့ ၂၁-၅-၂၀၁၈ ရက်နေ့မှာ ကျင်းပ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှမှ ပန်ဆောင်မြို့ပေါ်ပြည်သူလူထုများ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအမံများနှင့်စပ်လျဉ်း၍ သိရှိလိုခြင်းမေးခွန်းအပေါ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ပန်ဆောင်မြို့သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ စိစစ်ထောက်ခံမှုအပေါ်အခြေခံ၍ နောင်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေ လျာထားပေးသွားမည်ဖြစ်ပါကြောင်း ကျွန်တော်တို့ ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

ဒီအဆိုပါနှင့်ပတ်သက်ပြီးတော့ ၂၇-၈-၂၀၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ပန်ဆောင်မြို့သောက်သုံးရေရရှိရေးအတွက် လိုအပ်မည့်ရန်ပုံငွေအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပန်ဆောင်မြို့သို့ လျှပ်စစ်မီးပေးဝေနိုင်ခြင်းမရှိသေးမီ ဒီဇယ်အင်ဂျင်အသုံးပြု၍ ရေဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကြံပြုတင်ပြခဲ့ပါတယ်။ ဒါကြောင့်မို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ပန်ဆောင်မြို့ပြည်သူလူထု သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် သုံးလက်မပိုက်ဖြင့် ရေသွယ်တန်းခြင်းလေးမိုင်၊ နှစ်လက်မပိုက်ဖြင့် ရေသွယ်တန်းခြင်း ၁/၄ မိုင် စုစုပေါင်း ၅/၄ မိုင် ရေသွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်နှင့်ပန့်တပ်ဆင်ခြင်း၊ ဂါလန်နှစ်သောင်းဆံ့ရေကန်လေးကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၀၇.၉၅၀ သန်းဖြင့် အဆိုပြုလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သစ္စာရပ်ကွက်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယစိတ္တနှစ်ဖြာသောသုခနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းပို့သပြီး မင်္ဂလာပါလို့ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ဖြစ်ပါတယ်။ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သစ္စာရပ်ကွက်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲအဆောက်အဦမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သစ္စာရပ်ကွက် အကွက်အမှတ်(၄/၁၂၂-က) ဧရိယာ ၀.၂၅၇ ဧကမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အဦကို ၁၅-၉-၂၀၀၃ ရက်နေ့မှာစတင်ဆောက်လုပ်ပြီးတော့ ၁၂-၁၂-၂၀၀၃ ရက်နေ့မှာ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ မြေဂရန်မှာလည်း နှစ် ၃၀ ရရှိပြီးဖြစ်ပါတယ်။ အခုအခါ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်လမ်းကလည်း ၄၈ မိုင်ကွာဝေးတဲ့ လွယ်ဂျယ်-မိုးမောက်လမ်းကြီးကို AC ကတ္တရာလမ်းစတင်ခင်းကျင်းနေပြီ ဖြစ်ပါ တယ်။ နယ်မြေအခြေအနေမှာလည်း လုံခြုံအေးချမ်းတဲ့အနေအထားရှိနေပြီးတော့မှ ဆက်သွယ်ရေး အနေနဲ့လည်း Telenor၊ CDMA 450 နဲ့ MPT ဖုန်းလိုင်းများရရှိနေပြီဖြစ်ပါတယ်။ လွယ်ဂျယ်မြို့ရဲ့ တိုးတက်လာပုံလေးကို Power Point ဖြင့် ပြသခွင့်ပြုပါခင်ဗျား။

ဒါကတော့ လွယ်ဂျယ်မြို့ရဲ့နာရီစင် ဖြစ်ပါတယ်။ လွယ်ဂျယ်မြို့မှာ စည်ပင်သာယာဈေးသုံးထပ်ဈေးကြီးဆောက်လုပ်နေတဲ့ပုံစံ ဖြစ်ပါတယ်။ ပုံစံငယ်လေးဖြစ်ပါတယ်။ ဒါကစည်ပင်သာယာသုံးထပ်ဈေးကြီး စတင်ဆောက်လုပ်နေတဲ့ပုံစံဖြစ်ပါတယ်။ ဒါက လွှတ်တော်ကိုယ်စားလှယ်များ ဖလားပြုလုပ်ခဲ့တဲ့ဘောလုံးကွင်း ဖြစ်ပါတယ်။ ဒါက လွယ်ဂျယ်နယ်စပ်ဂိတ်ဖြစ်ပါတယ်။ လွယ်ဂျယ်မြို့ကနေတစ်ဆင့် တရုတ်ပြည်ကို ကုန်စည်ကူးသန်းရောင်းဝယ်နေတဲ့နယ်စပ်ဂိတ် ဖြစ်ပါတယ်။ ဒါလည်း နယ်စပ်ကားတွေစီးဆင်းနေတဲ့ နေရာဖြစ်ပါ တယ်။ ဒါလည်း နယ်စပ်ကိုသွားလာနေတဲ့ ကားတွေဖြစ်ပါတယ်။ ဒါကလွယ်ဂျယ်မြို့မှာရှိတဲ့ AC ကတ္တရာလမ်းတွေဖြစ်ပါတယ်။ လွယ်ဂျယ်မြို့မှာဆိုရင် ကတ္တရာလမ်းတွေ၊ ကွန်ကရစ်လမ်းတွေနဲ့ မြို့ကတော်တော်တိုးတက်သာယာနေပြီဖြစ်ပါ

တယ်ခင်ဗျား။ ဒါက နယ်စပ်ဘေးလမ်းဖြစ်ပါတယ်။ အခု ဖုန်းလိုင်းတွေရပြီဖြစ်တဲ့အတွက် Wave money လွှဲတဲ့နေရာတွေ တော်တော်များများရှိပါတယ်။ ဒါတွေလည်း Wave money ငွေလွှဲတဲ့ နေရာတွေပါ။ ဒါတွေလည်း Wave money တွေ၊ KBZ ဘဏ်တွေနဲ့ ချိတ်ဆက်ပြီးလွှဲတဲ့ နေရာတွေဖြစ်ပါတယ်။ အခု မြန်မာ့စီးပွားရေးဘဏ်ဆိုတာ အဆောက်အဦလည်းရရှိပြီးဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်အရ ဂရန်မြေနှင့်အဆောက်အဦလည်းရရှိပြီး ဖြစ်ပါတယ်။ ရဲစခန်းနှင့် လည်း တစ်ဖာလုံခန့်သာဝေးပြီးတော့မှ ရှေ့တန်းတပ်ရင်းစခန်းရဲ့ မျက်စောင်းထိုးမှာရှိပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုရဲ့ လိုအပ်ချက်အရ လွယ်ဂျယ်မြို့မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ် ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ရဲ့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သစ္စာ ရပ်ကွက်မှာ မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှာ ဖွဲ့စည်းပုံအရ ရုံးချုပ်ဌာနခွဲခုနစ်ခု၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၄ ရုံး၊ ခရိုင်အဆင့်ကွပ်ကဲပိုင်ခွင့် ၇၇ ခု၊ မြို့နယ်အဆင့်ဘဏ်ခွဲ ၂၁၃ ခု၊ ဘဏ်ငွေတိုက်ခွဲ ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲသုံးခု စုစုပေါင်း ရုံးခွဲ၊ ဘဏ်ခွဲပေါင်း ၃၃၂ ခုဖွင့်လှစ်ထားပါတယ်။ ကချင်ပြည်နယ်မှာ ပြည်နယ်ရုံးတစ်ခု၊ ခရိုင်ဘဏ်ခွဲ သုံးခု၊ မြို့နယ်ဘဏ်ခွဲ ၁၃ ခု ရှိပါတယ်။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့ဟာ ဗန်းမော် မြို့မှ ၅၆ မိုင်ကွာဝေးပြီးတော့ လမ်းပန်းဆက်သွယ်ရေးအခြေအနေဟာ မော်တော်ကားလမ်းတစ်ခု သာရှိပြီးတော့ လမ်းခရီးဟာ တောင်တက်တောင်ဆင်းကျောက်ချောလမ်း ဖြစ်ပါတယ်။ မိုးတွင်း အချိန်မှာ သွားလာရေးအတော်အတန်ခက်ခဲမှုရှိပါတယ်။ လွယ်ဂျယ်မြို့မှာ လူဦးရေ ၂၁၀၅၀ ဦး၊ ဌာန ဆိုင်ရာ ၁၄ ဌာန၊ ဝန်ထမ်းဦးရေ ၂၀၀၂ ဦးရှိပြီး ပင်စင်စားများမရှိကြောင်း သိရပါတယ်။ လွယ်ဂျယ် မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းလစာနှင့် အသုံးစရိတ်များကို လွယ်ဂျယ်မြို့မှ ၄၈ မိုင်ကွာဝေးတဲ့ မြန်မာ့ စီးပွားရေးဘဏ် မိုးမောက်မြို့မှာ စာရင်းဖွင့်ထုတ်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒေသလုံခြုံရေး အခြေအနေအရ လွယ်ဂျယ်မြို့ရဲ့အနောက်ဘက် သုံးမိုင်ခန့်အကွာ မိုင်ဂျာယန်ရွာမှာ KIA ဌာနချုပ် စခန်းတည်ရှိကြောင်း သိရှိရပါတယ်။ လျှပ်စစ်မီးအတွက် တရုတ်နိုင်ငံမှ တစ်ယူနစ်ကို တရုတ်ငွေ တစ်ယွမ်ပေးဆောင်ရတဲ့ ၂၄ နာရီ လျှပ်စစ်မီးရရှိပါတယ်။ တယ်လီဖုန်းတပ်ဆင်ထားမှုအခြေအနေ ကတော့ CDMA 450 MHZ ဖုန်းလိုင်းသာတပ်ဆင်အသုံးပြုလျက်ရှိပြီးတော့ ဆက်သွယ်ရေး အခြေအနေမဖွံ့ဖြိုးသေးကြောင်း သိရှိရပါတယ်။

ဒေသစီးပွားရေးအခြေအနေအရ မြေပြန့်ဒေသနည်းပါးပြီးတော့ ကြံအများဆုံးစိုက်ပျိုးပြီး အခြားသီးနှံများစိုက်ပျိုးမှုမရှိပါ။ လွယ်ဂျယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားပြီးတော့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ စီးပွားရေးဘဏ်တို့က ဝန်ထမ်းများဟာ အလှည့်ကျတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ၎င်းစခန်း ရဲ့ တစ်လကို ပျမ်းမျှသွင်းငွေ ကျပ်သန်း ၂၀၀ ခန့်ရှိပြီးတော့ ဗန်းမော်မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်

ဘဏ်ခွဲက ကြီးကြပ်ဝန်ထမ်းတစ်ဦး၊ ငွေကြေးဝန်ထမ်းတစ်ဦး၊ စာရေးဝန်ထမ်းတစ်ဦး စုစုပေါင်း သုံးဦးကို လေးလတစ်ကြိမ် အလှည့်ကျတာဝန်ပေးပြီးတော့ သွားရောက်နေထိုင်ဆောင်ရွက်ပေး လျက်ရှိပါတယ်။ သွင်းငွေလက်ခံမှုအနေနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှာ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ရဲ့ ငွေစာရင်းကို သွင်းငွေများလက်ခံခြင်း၊ ဗန်းမော်ခရိုင်ဘဏ်ခွဲမှာ ဖွင့်လှစ်ထားတဲ့ Current Account စာရင်းပိုင်ရှင် များရဲ့ ငွေစာရင်းမှ စာရင်းပြောင်းနည်းလမ်းဖြင့် ချက်လက်မှတ်ထုတ်ယူပြီးတော့ အဆိုပါဌာနများမှ ပေးသွင်းတဲ့ စာရင်းပြောင်းသွင်းငွေများကို လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွယ်ဂျယ်ရှေ့တန်းတပ်စခန်းအတွင်းမှာတည်ရှိတဲ့ ငွေတိုက်(Vault)ထဲမှာ ဘဏ္ဍာငွေများကို ထိန်းသိမ်းထားပြီးတော့ လွယ်ဂျယ်မြို့မှ ဗန်းမော်မြို့သို့ ဘဏ္ဍာငွေများကို လေးလလျှင်တစ်ကြိမ် ခန့်ဖြင့် သယ်ယူရပါတယ်။ ဘဏ္ဍာငွေများ သွားရောက်သယ်ယူတဲ့အခါမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေး၊ တပ်မတော်လုံခြုံရေးအစောင့်အရှောက်များဖြင့် သွားရောက်သယ်ယူရပါတယ်။ လွယ်ဂျယ် နယ်စပ်စခန်းမှာ ပေးသွင်းငွေစာရင်းများကို ဗန်းမော်ခရိုင်ဘဏ်ခွဲရှိ သက်ဆိုင်ရာ ငွေစာရင်းသို့ နေ့စဉ်မော်တော်ယာဉ်ဖြင့် စာရင်းပေးပို့ခြင်း၊ ဗန်းမော်ခရိုင်ဘဏ်ခွဲမှ ရရှိတဲ့ရက်အပေါ်မူတည် ပြီးတော့ နေ့စဉ် သို့မဟုတ် စုစည်းစာရင်းရေးသွင်းခြင်း၊ အပတ်စဉ်သောကြာနေ့နှင့်လကုန်ရက်များ မှာ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ မဖြစ်မနေ စာရင်းရေးသွင်းခြင်းတို့ကို ဆောင်ရွက်ပါတယ်။ သို့ဖြစ်ပါ၍ လွယ်ဂျယ်မြို့ဟာ လမ်းပန်းဆက်သွယ်ရေးအခြေအနေတိုးတက်ရန် လိုအပ်သေးခြင်း၊ ဆက်သွယ်မှုစနစ်များ ဖွံ့ဖြိုးမှုလိုအပ်သေးခြင်း၊ ဘဏ္ဍာငွေသယ်ယူဖြည့်တင်းနိုင်ရန် လမ်းကြောင်း လုံခြုံရေးခက်ခဲနေသေးခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းက ရရှိတဲ့ငွေများကို ဗန်းမော်ခရိုင်ဘဏ်ခွဲ က ငွေကိုင်များကနေပြီးတော့ လာရောက်လက်ခံဆောင်ရွက်ပေးနိုင်ခြင်း၊ အခြားငွေသွင်းငွေထုတ် လုပ်ငန်းများ ဖွံ့ဖြိုးမှုလိုအပ်သေးခြင်းတို့ကြောင့် လွယ်ဂျယ်မြို့နယ်မှာ မြို့နယ်အဆင့် မြန်မာ့

စီးပွားရေးဘဏ်ခွဲဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လွယ်ဂျယ်မြို့ရှိ ဌာနဆိုင်ရာများရဲ့ လစာငွေထုတ်ယူရန်အတွက် အစိုးရငွေတိုက်ခွဲအဆင့် ဆောင်ရွက်နိုင်မှုရှိ/မရှိကိုတော့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ သဘောထားရယူသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာများ၌ ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ခင်းများတွင် ဖြတ်ပိုးကျရောက်ခဲ့ပါသဖြင့် နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ၏ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေ များကို ဆိုင်းငံ့ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် အားလုံးကျန်းမာပါ စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပဲယင်း မြို့နယ်မှာရှိတဲ့ လူဦးရေ ၆၅ ရာခိုင်နှုန်းကျော်ဟာ စပါးစိုက်ပျိုးခြင်းဖြင့် အသက်မွေးရတာဖြစ်ပါ တယ်။ မိုးရေကို သဖန်းဆိပ်၊ ကာဘိုးဆည်ကတစ်ဆင့် ဆည်ရေသောက်ဧရိယာ ၉၇၈၀၀ လောက် လျာထားစိုက်ပျိုးပြီး မိုးရေသောက်ဧရိယာဧက ၂၇၀၀၀ ကျော်နဲ့ နွေစပါးမှာဆိုရင် ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးကြပါတယ်။ နှစ်စဉ်တောင်သူလယ်သမားများက မိုးစပါး၊ နွေစပါးကို မရပ်မနားဘဲနဲ့ စိုက်ပျိုးထုတ်လုပ်ဖို့ ကြိုးစားကြပါတယ်။ သို့ပေမဲ့ နှစ်စဉ်လိုပဲ ပိုးကျတဲ့သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတတ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် နွေရာသီမှာ ဖြတ်ပိုးကျလို့ ကျေးရွာအုပ်စု ၄၀ လောက်မှာရှိတဲ့ စိုက်ဧက ၅၅၀၀ ကျော်ခန့် ထိခိုက်ပျက်စီးခဲ့ကြရပါတယ်။ ၇၂၅ ဧကကျော်ဟာ

လုံးဝပျက်စီးသွားပါတယ်။ တချို့ခရိုင်အတွင်းမှာရှိတဲ့ အခြားမြို့နယ်များမှာလည်း ဖြုတ်ပိုးကျ တယ်လို့ စပါးအထွက်လျော့တယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ ခုနှစ် မိုးစပါးကို ရိတ်သိမ်းဆဲကာလမှာ တောင်သူလယ်သမားများ က ဖြုတ်ပိုးကျတဲ့အတွက် စပါးအထွက်လျော့နည်းနိုင်ကြောင်း သက်ဆိုင်ရာမြို့နယ်မှ တာဝန်ရှိသူ များအားလုံးကို အသိပေးခဲ့ပါတယ်။ ၎င်းအပြင် ကျွန်တော်တို့မြို့နယ်ထဲက ကျေးရွာတွေဖြစ်တဲ့ တည်တော၊ သရက်ကန်၊ ဖုတ္တတောကျေးရွာကြီးများဟာ လူထုတွေ့ဆုံပွဲတွေနဲ့ဖိတ်ကြားပြီးတော့ ၁၈-၁-၂၀၂၀ ရက်နေ့မှာ တစ်ကြိမ်နှင့် ၁၉-၁-၂၀၂၀ ရက်နေ့မှာ အင်ပင်ယဒင်နှင့် ကိုင်းကန်ကျေးရွာ တွေမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ မြို့နယ်မှတာဝန်ရှိသူများအားလုံးလည်း တက်ရောက်ခဲ ကြပါတယ်။ တောင်သူလယ်သမားများက မိုးခေါင်ပြီး ဖြုတ်ပိုးကျတဲ့အတွက် ၎င်းတို့ကျေးရွာရှိစိုက်ကေအများစုဟာ တစ်ကေကို စပါးတင်း ၃၀၊ ၄၀ ခန့်သာထွက်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝကျပ်တည်းမှာဖြစ်တဲ့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများကို အတိုးနှုန်းသာဆပ်ပြီး ချေးငွေအရင်းကို တစ်နှစ်တာမျှဆိုင်းငံ့ပေးစေလိုကြောင်း တင်ပြကြတာ ဖြစ်ပါတယ်။ တာဝန်ရှိတဲ့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာကတော့ ဒီပဲယင်းမြို့နယ်ရှိ တောင်သူလယ်သမားများဟာ ပေးဆပ်ရန်ကျန်ရှိတဲ့ချေးငွေများ များပြားနေကြောင်းနဲ့ ချေးငွေကို တာဝန်သိစွာပေးဆပ်ရန်ကိုပဲ ရှင်းလင်းပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ၂၀၂၀ ပြည့်နှစ် မိုးစပါးစိုက်ပျိုးရာသီဖြစ်လို့ တောင်သူများအား စိုက်ပျိုးဖို့အဆင်သင့်ဖြစ်နေကြပါပြီ။ နိုင်ငံတော်အစိုးရကလည်း ပုံမှန်စိုက်ပျိုးစရိတ်ချေးငွေတစ်ကေ ကျပ် ၁၅၀၀၀၀ ထုတ်ချေးနေပြီဖြစ်ပါတယ်။ COVID-19 ကပ်ရောဂါကာလကို ရင်ဆိုင်ဖြတ်သန်းနိုင်ဖို့ တစ်ကေ ၅၀၀၀၀ ကျပ်ကို ၁၀ ကေအထိ ဖြည့်စွက်ချေးငွေအဖြစ် ထုတ်ချေးတာလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတောင်သူလယ်သမားများက နိုင်ငံတော်အစိုးရကို ကျေးဇူး

တင်နေပါတယ်။ စိုက်ပျိုးရေးစရိတ်ချေးငွေကို ဆိုင်းငံ့ပေးဖို့ရာ ဒီပဲယင်းမြို့နယ်တောင်သူလယ်သမား များရဲ့ တောင်းဆိုတဲ့ကိစ္စဟာ အချိန်ကာလအားဖြင့် တောင်သူများအနေဖြင့် အတိုးရှာပြီး ဘဏ်ချေးငွေကိုဆပ်တဲ့အချိန်ဖြစ်ပါတယ်။ ပြီးတော့မှ ပြန်ထုတ်ယူရတဲ့အချိန်ကာလဖြစ်ပါတယ်။ ဒါကြောင့် အတိုးနှုန်းကိုသာပြန်ဆပ်ပြီး ချေးငွေကိုဆိုင်းငံ့ပေးရန်အစီအစဉ်ရှိအုံးမှာလား မေးမြန်းရခြင်းဖြစ်ပါတယ်။ အကယ်၍ ချေးငွေကိုဆိုင်းငံ့ဖို့မပြုလုပ်ခဲ့လျှင်လည်း COVID–19 ကာလကူညီထောက်ပံ့ခြင်း၊ ချေးငွေဖြည့်စွက်ထုတ်ပေးခြင်းနှင့် ပုံမှန်ချေးငွေများကို အခက်အခဲမရှိဆောင်ရွက်ပေးနေတာကြောင့် ပြဿနာတစ်စုံတစ်ရာတော့မရှိပါဘူး။ သို့သော်လည်းပဲ တချို့ကျေးရွာများမှာ တောင်သူလယ်သမားများကိုယ်တိုင် တာဝန်ရှိဝန်ထမ်းများနှင့်အပြိုင် စာရင်းပြုစုထားတဲ့ အမှန်တကယ်လုံးဝပျက်စီးသွားတဲ့ တံစဉ်လွတ်သွားတဲ့လယ်ဧက ၇၀၀ ကျော်အတွက် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့ရန် အစီအစဉ်ရှိ/မရှိသိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ရဲ့ ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာများတွင် တောင်သူလယ်သမားများရဲ့ ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ခင်းများ၌ ဖြုတ်ပိုးကျရောက်ခဲ့ပါသဖြင့် နိုင်ငံတော်အစိုးရမှ ၂၀၁၉ ခုနှစ် မိုးရာသီ

စိုက်ပျိုးစရိတ်ဘဏ်ချေးငွေများကို ဆိုင်းငံ့ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ပေးခဲ့တဲ့ချေးငွေများကို သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ မကာကွယ်မတားဆီးနိုင်တဲ့ အကြောင်းကြောင့်ဖြစ်စေ အချိန်မှန်ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက ချေးငွေပြန်လည်ပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းပေးပါရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ နည်းဥပဒေ ၃၀ အရ ငွေချေးယူသူက မြို့နယ်ဘဏ်ခွဲမန်နေဂျာထံ လျှောက်ထားနိုင်ပါတယ်။ မြို့နယ်ဘဏ်ခွဲမန်နေဂျာကစိစစ်ပြီးတော့ သဘောထားမှတ်ချက်နှင့်အတူ မြို့နယ်ချေးငွေလုပ်ငန်းအကြံပေးအဖွဲ့ထံတင်ပြခြင်း၊ မြို့နယ်ချေးငွေလုပ်ငန်းအကြံပေးအဖွဲ့မှ ပြည်နယ်/တိုင်းဒေသကြီးချေးငွေအကြံပေးအဖွဲ့ထံသို့ စိစစ်တင်ပြခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးချေးငွေအကြံပေးအဖွဲ့မှ သဘောထားမှတ်ချက်နှင့်အတူ ဘဏ်ရုံးချုပ်သို့ ဆက်လက်ပေးပို့ရမှာဖြစ်ပြီးတော့ ဘဏ်ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တင်ပြဆွေးနွေးစိစစ်၍ ချေးငွေပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းခွင့်ပြုနိုင်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ချေးငွေနှစ်ဆိုင်းပေးဆပ်ခွင့်စည်းကမ်းချက်များမှာ သီးနှံပျက်စီးဆုတ်ယုတ်မှုဟာ ပုံမှန်သီးနှံအထွက်ရဲ့ သုံးပုံတစ်ပုံထက်နည်းလျှင် နှစ်ဆိုင်းခွင့်မပြုဘဲ သီးနှံပျက်စီးဆုတ်ယုတ်မှုသည် ပုံမှန်သီးနှံအထွက်ရဲ့ သုံးပုံတစ်ပုံနှင့် ၎င်းထက်များမှသာ ချေးငွေအရင်းကိုနှစ်ဆိုင်းပေးရန်၊ မူလစာချုပ်ပါ နောက်ဆုံးပေးဆပ်ရန် သတ်မှတ်တဲ့ရက်အထိ ကျသင့်အတိုးကို လက်ငင်းပေးဆပ်ရန်၊ စာချုပ်နောက်ဆုံးရက်ရဲ့ နောက်တစ်ရက်မှ အရင်းပေးဆပ်သည့်နေ့အထိ ကျသင့်အတိုးကို ရှေ့နှစ်သီးနှံပေါ်ချိန်မှာ ဆက်လက် ပေးဆပ်ရန်၊ နှစ်ဆိုင်းခွင့်ပြုအရင်းငွေအပေါ် ဒဏ်တိုးတွက်ချက် ကောက်ခံခြင်းမပြုရန် လို့ပါရှိပါတယ်။

နည်းဥပဒေ ၃၀ ပါအတိုင်း ချေးငွေပြန်လည်ပေးဆပ်ရမည့်ရက်ကို ရွှေ့ဆိုင်းခွင့်ပြုလျှင် ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သောစည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်ခွဲဟာ ငွေချေး

ယူသူကို ချေးငွေအသစ်ကို ထုတ်ပေးနိုင်ပါတယ်။ သို့ရာတွင် ရှေ့လာမည့်သီးနှံပေါ်ချိန်၌ ယခုနှစ်ဆိုင်း ခွင့်ပြုငွေရင်းနှင့်တကွကျသင့်အတိုး၊ ထပ်မံထုတ်ချေးမည့်ချေးငွေအသစ်များကို တစ်လုံးတည်း ပြေကျေအောင်ပေးဆပ်ရန် ခံဝန်ချုပ်ချုပ်ဆိုပြီးမှ ချေးငွေသစ်ထုတ်ပေးရမှာဖြစ်ပါတယ်။ ထိုကဲ့သို့ နှစ်ဆိုင်းပေးဆပ်ခွင့်ပြုရန် တင်ပြခြင်းများကိုလည်း ယေဘုယျအားဖြင့် တင်ပြရမှာမဟုတ်ဘဲ တိကျခိုင်မာတဲ့ကိန်းဂဏန်းအချက်အလက်များနှင့်အတူ သီးနှံအမှန်တကယ်ပျက်စီးကြောင်း၊ မြို့နယ်မှကွင်းဆင်းစိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး မြို့နယ်ချေးငွေအကြံပေးအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်ချေးငွေ အကြံပေးအဖွဲ့စသည်ဖြင့် အဆင့်ဆင့်စိစစ်တင်ပြ၍ ဘဏ်ဒါရိုက်တာအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ဖြင့်သာ နှစ်ဆိုင်းခွင့်ပြုနိုင်ခြင်းဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ ၅-၃-၂၀၂၀ ရက်နေ့အထိ ပေးဆပ်ရန်အချိန်စေ့ရောက်ပြီး တောင်သူလယ်သမားများက ပေးဆပ်ခြင်း မပြုသေးတဲ့ ၂၀၁၂ ခုနှစ် မိုးချေးငွေကနေပြီးတော့ ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေအထိ ကြွေးကျန်များ ဟာတစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကျပ် ၂၉၄.၂၀ ဘီလီယံရှိနေပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဒီပဲယင်းမြို့နယ်အနေနဲ့တော့ ကျပ် ၁.၄၈ ဘီလီယံကျန်ရှိပါတယ်။ အဆိုပါအချိန်စေ့ ကြွေးကျန်များအပြင် ဒီပဲယင်းမြို့နယ်မှထပ်မံထုတ်ချေးထားတဲ့ ၂၀၁၉ ခုနှစ်မိုးနှင့် ဆောင်းချေးငွေ များမှာလည်းပဲ ကျပ် ၁၃.၈၀ ဘီလီယံပေးဆပ်ရန်ကျန်ရှိပါတယ်။ ဒီပဲယင်းမြို့နယ်ရဲ့ ကြွေးကျန် စုစုပေါင်းအနေနဲ့ ကျပ် ၁၅.၂၈ ဘီလီယံဖြစ်ပါတယ်။ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်မေးမြန်းထားတဲ့ အကြောင်းအရာ ဖော်ပြချက်မှာပတဲ့ ကျေးရွာ အုပ်စုခြောက်အုပ်စုရဲ့ ၂၀၁၉ ခုနှစ်မိုးချေးငွေပမာဏဟာ ကျပ် ၁၇၅၉.၉ သန်းဖြစ်ပြီးတော့ ၅-၃-၂၀၂၀ ရက်နေ့အထိ ၂၀၁၉ ခုနှစ် မိုးချေးငွေအပေါ်က ကောက်ခံရရှိမှုဟာ ၀.၇၈ ရာခိုင်နှုန်းသာ ရရှိသေးတဲ့အတွက်ကြောင့် ပေးဆပ်ရန်များစွာ ကျန်ရှိနေသေးတဲ့ အနေအထားကို တွေ့ရှိရပါတယ်။

တောင်သူများထံသို့ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာမှာ စပါးအတွက် မိုးရာသီချေးငွေကတော့ ပမာဏအများဆုံး အဓိကချေးငွေဖြစ်ပါတယ်။ နှစ်စဉ်မေလကနေပြီးတော့ စက်တင်ဘာလကုန်အထိ ထုတ်ချေးပြီးတော့ နောင်နှစ်ဧပြီလ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ပေးဆပ်ရန်သတ်မှတ်ထားပါတယ်။ ဧပြီလ ၁၅ ရက်နေ့မှာ အကြောင်းကြောင်းကြောင့် အချိန်မီပေးဆပ်နိုင်ခြင်းမရှိတဲ့ တောင်သူအချို့အနေနဲ့ ကျော်လွန်တဲ့ကာလအတွက် ဒဏ်တိုးပေးပြီးတော့ ချေးငွေထုတ်ချေးတဲ့ကာလ မေလမှ စက်တင်ဘာလအတွင်း ပြန်လည်ပေးဆပ်ခဲ့လို့ရှိရင် ချေးငွေသစ်ကိုထုတ်ချေးခွင့်ရှိပါတယ်။ အကယ်၍ မိုးချေးငွေထုတ်ချေးတဲ့ စက်တင်ဘာလကုန်နောက်ပိုင်းကျမှ ပေးဆပ်လာမယ်ဆိုရင်တော့ မိုးချေးငွေအသစ်ရယူခွင့်ဆုံးရှုံးမှာဖြစ်ပြီးတော့ နောင်နှစ်မှသာ မိုးချေးငွေအသစ်ကိုထုတ်ယူခွင့်ရှိမှာဖြစ်ပါတယ်။ ဒေသအသီးသီးကနေပြီးတော့ အရင်း၊ အတိုးဆိုင်းငံ့ခွင့်ပြုရန် တင်ပြတောင်းဆိုမှုတွေကို လိုက်လျောခွင့်ပြုမယ်ဆိုလို့ရှိရင် နိုင်ငံတော်အနေနဲ့လည်း ချေးငွေအသစ်တွေထပ်မံထုတ်ချေးပေးဖို့ရာ ရန်ပုံငွေအခက်အခဲများ ရင်ဆိုင်ကြုံတွေ့ကြနိုင်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ကတော့ ဥပဒေနှင့်အညီ တောင်သူလယ်သမားများရဲ့ ချေးငွေပေးဆပ်မှုအခက်အခဲများကို ဂရုပြုစိစစ်ပြီးတော့ စောင့်ဆိုင်းကောက်ခံရန်လိုအပ်ပါက စောင့်ဆိုင်းကောက်ခံပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော် ချေးငွေကို ချေးငွေတွေပြန်မရတဲ့အတွက် ပြည်သူလူထုကပြန်မဆပ်နိုင်ဘူး။ လယ်သမားတို့ကပြန်မဆပ်နိုင်တဲ့အတွက် ဆိုင်းငံ့ဖို့ရာအခြေအနေက မရှိလို့ရှိရင်တောင်မှပဲ တကယ်ပျက်စီးသွားတဲ့ဟာတွေကိုတော့ တောင်သူလယ်သမားများရဲ့ အခွင့်အရေး၊ ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ နိုင်ငံတော်အစိုးရကနေပြီးတော့ ကူညီထောက်ပံ့ဖို့ရာအတွက်တာဝန်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ အမှန်တကယ်ပျက်စီးသွားတဲ့ ကျွန်တော်တို့ဆီက ဖြုတ်ပိုးကျတဲ့

ကောကလည်း ၇၀၀ ကျော်လေးပဲရှိတာပါ။ အဲဒါကလည်း ကျွန်တော်တို့ သေသေချာချာလိုက်ပြီး တော့ လေ့လာကြည့်ပါတယ်။ တောင်သူလယ်သမားများတွေက သူတို့ကိုယ်တိုင်ပဲ ဝန်ထမ်းများနဲ့ ပူးပေါင်းပြီးတော့၊ တချို့လည်းယှဉ်ပြိုင်ပြီးတော့ သေသေချာချာစာရင်းကောက်ယူပြီးမှ တင်ပြထား ခြင်းဖြစ်ပါတယ်။ အဲဒါအတွက် ကူညီထောက်ပံ့မှုရနိုင်/မရနိုင်လည်း မေးထားပါတယ်။ အဲဒါလေး ဖြေပေးပါအုံး။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ကတော့ စောစောက ကျွန်တော် ရှင်းလင်းတင်ပြခဲ့သလို နှစ်စဉ်လည်း ကျွန်တော်တို့ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးပြီးတော့ နှစ်စဉ်လည်း ပုံမှန်သီးနှံပေါ်တဲ့ အချိန်မှာ ပြန်လည်ကောက်ခံပြီးတော့ လည်ပတ်နေအောင် ထုတ်ချေးကောက်ခံဆောင်ရွက်နေတဲ့ အပိုင်းဖြစ်ပါတယ်။ ပျက်စီးမှုတွေနဲ့ပတ်သက်ပြီးတော့ ဥပဒေမှာတင်ပြထားသလို အဆင့်ဆင့်စိစစ်ပြီး ဘုတ်အဖွဲ့ကစဉ်းစားပေးနိုင်ပါတယ်။ ဒါကတော့ ချေးငွေကို ရွှေ့ဆိုင်းပေးဖို့ကိစ္စ ဖြစ်ပါတယ်။ ရွှေ့ဆိုင်းပေးဖို့ကိစ္စမှာ အတိုးကိုသွင်းခိုင်းပြီးတော့ အရင်းကို ဆိုင်းပေးတာတို့ အခုတော့ ကျွန်တော်တို့ တက်နိုင်သမျှတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ လယ်သမားရဲ့ အခြေအနေအပေါ်မှာမူတည်ပြီးတော့၊ စောင့်ဆိုင်းပြီးတော့ ကောက်ခံပေးလျက်ရှိပါတယ်။ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ထောက်ပံ့ ပေးရမယ့်ကိစ္စတွေကျတော့ ကျွန်တော်တို့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ် စောင့်ရှောက်ရေးဖွဲ့စည်းထားတဲ့ ဗဟိုကော်မတီအဖွဲ့အစည်းတွေကတစ်ဆင့် သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နဲ့ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါ ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**မူကြမ်း**

**ရှားတောမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း (ရှားတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှားတောမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပေးမည်ကိုသိရှိလိုခြင်းနှင့် အစီအစဉ်မရှိပါက မည်သည့်အကြောင်းရင်းကြောင့်ဆိုသည်ကို တိတိကျကျသိရှိလို၍ လေးစားစွာမေးမြန်းလိုခြင်း ဖြစ်ပါတယ်ရှင်။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် ရှားတောမြို့နယ်ရှိ အစိုးရငွေတိုက်အား ၁၉၉၀ ခုနှစ်၊ မေလမှစတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ကာလအထိ လုပ်ငန်းဆောင်ရွက်ချက် အသေးစိတ်များကို မေးခွန်းနှင့်အတူပူးတွဲတင်ပြခဲ့ပြီး ဖြစ်ပါတယ်ရှင်။ ထို့အတွက်ကြောင့်မို့လို့ ကျွန်မအသေးစိတ်မတင်ပြတော့ပါဘူး။ ယနေ့အချိန်အခါမှာ ရှားတောမြို့နယ်ဟာ ဧရိယာစတုရန်းမိုင် ၈၃၄.၁၉ စတုရန်းမိုင်ကျယ်ဝန်းပါတယ်။ လူဦးရေအနေအထားအရ ၇၄၀၀ ခန့်နေထိုင်ပြီးတော့မှ ထိုင်းနိုင်ငံနှင့် ၅၂ မိုင်ခန့်ကွာဝေးတဲ့ နယ်စပ်မြို့လေးတစ်မြို့ဖြစ်ပါတယ်ရှင်။ ကယားပြည်နယ်မှာ မြို့နယ်ခုနစ်မြို့နယ်ရှိတဲ့အနက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခရဲ့ဒဏ်ကို ခံစားခဲ့ရတဲ့ ဖွံ့ဖြိုးမှုနောက်ကျတဲ့ နယ်မြေဒေသလေးတစ်ခုဖြစ်ခဲ့ပါတယ်။ ကျွန်မတို့ ရှားတောမြို့နယ် မှာ ၂၀၁၆ ခုနှစ်ကနေစပြီးတော့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ခွင့်ရတဲ့ အခါမှာ ရှားတောမြို့နယ်လေးကို လေ့လာခဲ့ပါတယ်။ လေ့လာခဲ့တဲ့အခါမှာ Town Plan မရှိတဲ့မြို့၊ မြေစာရင်း မြေပုံမရှိတဲ့မြို့၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းရုံးတွင်သာ တာဝန်ထမ်းဆောင်ခွင့် ရှိသောမြို့၊ ဝန်ထမ်းအိမ်ရာများလိုအပ်ချက်ရှိသောမြို့၊

ပညာရေး၊ ကျန်းမာရေးအစစ နိမ့်ကျနေတဲ့ မြို့တစ်ခုအဖြစ် ကျွန်မတို့ လေ့လာသိရှိခဲ့ရပါတယ်။ ယခုအခါမှာတော့ Town Plan ရေးဆွဲပြီး ဖြစ်သလို၊ မြေစာရင်းမြေပုံတွေလည်း ထွက်ရှိခဲ့ပြီးဖြစ်ပါတယ်။ ဌာနဆိုင်ရာအသီးသီးရဲ့ရုံးတွေ ကိုလည်း ကျွန်မတို့ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာများ ကိုလည်း တည်ဆောက်နိုင်ခဲ့သလို အိုးအိမ်ဌာနကနေပြီးတော့မှ လေးခန်းတွဲသုံးထပ်ဝန်ထမ်းအိမ်ရာ လေးလုံးတည်ဆောက နိုင်ခဲ့ပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအတွက် ရုံးတွေတည်ဆောက်နိုင်ခဲ့သလို အချုပ်ခန်းပါတဲ့ နှစ်ထပ်အဆောက်အအုံ၊ မြို့နယ်ရဲ့တပ်ဖွဲ့မှူးအိမ်ရာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရှစ်ခန်းတွဲနှစ်ထပ်ရဲတပ်ဖွဲ့ဝန်ထမ်းအိမ်ရာတွေကိုလည်း တည်ဆောက်နိုင်ခဲ့ပါတယ်။ လွိုင်ကော်-ရှားတောကွာဝေးတဲ့ မိုင် ၄၀ အပါအဝင် ကျွန်မတို့ နယ်စပ်တာတမော့ဂိတ်ထိရောက်အောင် နှစ်အလိုက် ပေ ၄၀ တာလပ်ခြင်းလုပ်ငန်းတွေ၊ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတွေ၊ ၁၈ ပေခင်းခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခုအချိန်ကာလမှာ လွိုင်ကော်မြို့နယ်နှင့် ရှားတောမြို့နယ်တို့ရဲ့ မိုင် ၄၀ အကွာအဝေးမှာ နှစ်နာရီခန့်အတွင်း သွားရောက်နိုင်တဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့ မြို့လေးတစ်မြို့ဖြစ်နေခဲ့ပါပြီ။ ဆက်သွယ်ရေး တာဝါတိုင်တွေအနေနဲ့ဆိုရင်လည်း ၂၀၁၆ ခုနှစ်ကနေစပြီးတော့မှ Mytel၊ Telenor၊ MPT တိုင်တွေကို စိုက်ထူနိုင်ခဲ့ပါတယ်။ လျှပ်စစ်ကဏ္ဍအနေနဲ့ဆိုရင်လည်း 66/11 KVA ဓာတ်အားလိုင်းကနေပြီးတော့မှ ၂၀၁၅ ခုနှစ်ကနေစပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ဒီခွဲရုံကနေ ရောက်နိုင်တဲ့ရွာတွေအားလုံးကို မီးရရှိခဲ့ပြီးဖြစ်ပါတယ်ရှင်။ ကျွန်မတို့စီးပွားရေးအနေနဲ့ အတွက်ကြည့်မယ်ဆိုလို့ရှိရင် လယ်ယာ စိုက်ပျိုးရေးကဏ္ဍအနေနဲ့ ဆည်မြောင်းတာတမံ တွေကိုလည်း အသီးသီးတည်ဆောက်နိုင်ခဲ့ပါတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အနေနဲ့ဆိုလို့ရှိရင်လည်း (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံ တစ်ရုံတည်ရှိပါတယ်။ ပညာရေးကဏ္ဍအနေနဲ့ဆိုလို့ရှိရင်လည်း အထက်တန်းကျောင်းနှစ်ကျောင်း ရှိပြီးတော့မှာ

ကျေးရွာတိုင်းနီးပါးမှာ မူလတန်းအဆင့်ကျောင်းရှိပါတယ်ရှင်။ ဒီလိုပညာရေး၊ ကျန်းမာရေးအစစ ဖွံ့ဖြိုးလာသလို လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေလည်း ကောင်းမွန် လာပြီဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်အနေနဲ့ နိုင်ငံရဲ့ငြိမ်းချမ်းရေးနှင့်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်ကို ဆွေးနွေးလိုပါတယ်။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် လိုအပ်သလို၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် လည်းလိုအပ်ပါတယ်။ ကျွန်မတို့မကြာခင်မှာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးအရ ငြိမ်းချမ်း ဖွံ့ဖြိုးလာတာနှင့်အမျှ ကျွန်မတို့မြို့နယ်လေးကို ပြန်လည်အခြေချနေထိုင်ကြတော့မည့် ဒေသခံ တိုင်းရင်းသားတွေရှိပါတယ်။ ဒီအတွက် ကျွန်မတို့က ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အခြေခံ အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်ဖို့လိုတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ လူမှုစီးပွားဘဝတွေအတွက် အထောက်အပံ့ဖြစ်စေနိုင်တဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲလေး တစ်ခုကို ကျွန်မတို့မြို့နယ်မှာ ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုခြင်းဖြစ်ပါတယ်။ အရေးကြီးဆုံး ဖြစ်တဲ့ မြေနေရာကိုလည်း ရထားခဲ့ပြီးဖြစ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့မြို့နယ်ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး တစ်ဆက်တစ်စပ်တည်းရှိတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်မတို့မြို့နယ်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်မည့်၊ ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်မည့် မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။

**မူကြမ်း**

ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်းရဲ့ ရှားတောမြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ဆောင်ရွက်ပေးမည်၊ မရှိပါက မည်သည့်အတွက် ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်ဟာ ရုံးချုပ်ဌာနခွဲခုနစ်ခု အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၄ ရုံး၊ ခရိုင်အဆင့်ကွပ်ကဲဘဏ်ခွဲ ၇၇ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၁၃ ခု၊ ဘဏ်ငွေတိုက်ခွဲအဆင့် ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲအဆင့်သုံးခု စုစုပေါင်းရုံးခွဲ၊ ဘဏ်ခွဲပေါင်း ၃၃၂ ခုကို ဖွင့်လှစ်ထားရှိဆောင်ရွက်နေပါတယ်။ မြို့နယ်အားဖြင့် ကြည့်လျှင် မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက် မြို့နယ် ၂၉၀ မှာ ဘဏ်များဖွင့်လှစ် ခွဲထားတဲ့ အခြေအနေရှိပါတယ်။ ခရိုင်အဆင့် ရုံးစိုက်ရာမြို့နယ်များမှာ ခရိုင်ဘဏ်ခွဲပေါင်း ၇၇ ခု ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ တချို့မြို့နယ်များမှာတော့ မြို့နယ် ၁၈ မြို့နယ်မှာ ဘဏ်ငွေတိုက်ခွဲ အဆင့် ၁၈ ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်မမှာရှိတဲ့ အချို့မြို့နယ်များအပါအဝင် မြို့နယ်ပေါင်း ၄၀ မှာဘဏ်ခွဲတွေ ဖွင့်လှစ်ထားမှုမရှိပါ။ အဲဒီအနက် ကချင်ပြည်နယ်၊ ကယား ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်ရန် မြို့နယ် ၁၄ ခုကျန်ရှိနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ ၎င်းမြို့နယ်များကတော့ ကချင်ပြည်နယ်မှာ အင်ဂျန်းယန်မြို့နယ်၊ ဆော့လော်မြို့နယ်၊ ခေါင်လန်းဖူးမြို့နယ်၊ ကယားပြည်နယ်မှာ၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ရှားတောမြို့နယ်နှင့် ရှမ်းပြည်နယ်မှာ မိုင်းလားမြို့နယ်၊ မန်တုံမြို့နယ်၊ ကုန်းကြမ်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဆန်းမြို့နယ်၊ မက်မန်းမြို့နယ်၊ နားဖန်းမြို့နယ်တို့ဖြစ်ပါတယ်။

အဆိုပါမြို့နယ်များအနက် မြို့နယ်လေးခုမှာတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူကွပ်ကဲဆောင်ရွက်တဲ့ အစိုးရငွေတိုက်အဆင့်နဲ့ထားရှိပြီးတော့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ရှားတောမြို့နယ်ဟာ ဒီမြို့နယ်လေးခုမှာ အပါအဝင်ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊

မြို့နယ်ဘဏ်ခွဲအဆင့်မှာတော့ လက်ထောက်မန်နေဂျာအဆင့်က အုပ်ချုပ်ပြီးတော့ ဒုတိယ တာဝန်ခံကြီးကြပ်ရေးမှူးတစ်ဦးထားရှိပြီး ဝန်ထမ်းဖွဲ့စည်းပုံကတော့ ၁၆ ဦးရှိပါတယ်။ ဘဏ်ငွေ တိုက်ခွဲအဆင့်ဆိုရင်တော့ လက်ထောက်မန်နေဂျာအဆင့် အုပ်ချုပ်မှုပြီးတော့ ဒုတိယတာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူးထားရှိပြီး ဝန်ထမ်းဖွဲ့စည်းပုံကတော့ ရှစ်ဦးဖြစ်ပါတယ်။ အစိုးရငွေတိုက်ခွဲ အဆင့်မှာတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက် ညွှန်ကြားရေးမှူး)အဆင့်က အုပ်ချုပ်ပြီးတော့ စာရင်းကိုင်-၃ တစ်ယောက်၊ စာရင်းကိုင်-၄ တစ်ယောက် တို့ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံ သုံးယောက်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ မြို့နယ် ဘဏ်ခွဲ၊ ဘဏ်ငွေတိုက်ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ အစိုးရ ငွေတိုက်ခွဲတို့ ဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ မြို့နယ်တွေအတွက်ဆိုရင်တော့ နီးစပ်ရာမြို့နယ်/ခရိုင် ဘဏ်ခွဲ၊ ဘဏ်ငွေတိုက်ခွဲ၊ အစိုးရငွေတိုက်ခွဲများက ပူးတွဲတာဝန်ပြီးတော့ ဆောင်ရွက်ပေးပါတယ်။

ကယားပြည်နယ်မှာ လူဦးရေသုံးသိန်းလောက်ရှိပြီးတော့ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် လွိုင်ကော်မြို့မှာ ကယားပြည်နယ်ရုံးနှင့် ခရိုင်ဘဏ်ခွဲတစ်ခု၊ ဖားဆောင်းမြို့နှင့် ဘောလခဲမြို့မှာ မြို့နယ်ဘဏ်ခွဲတစ်ခုစီနှင့် မယ်စဲမြို့မှာ ဘဏ်ငွေတိုက်ခွဲတစ်ခု ဖွင့်လှစ်ထားရှိပါတယ်။ ဖရူဆို မြို့နယ်မှာ ဘဏ်ငွေတိုက်ခွဲ ဖွင့်လှစ်ရန် အဆောက်အဦဆောက်လုပ်ထားပြီးဖြစ်ပါတယ်။ ရှားတော မြို့နယ်မှာ ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စုသုံးစု၊ ကျေးရွာပေါင်း ၂၀၊ အိမ်ခြေ ၁၃၀၀၊ အိမ်ထောင်စု ၁၄၃၀ စု၊ လူဦးရေ ၇၄၆၂ ဦးရှိပြီးတော့ ဝန်ထမ်းအားဖြင့် ၄၉၇ ဦးရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ အစိုးရငွေတိုက်များမှာ ဌာနဆိုင်ရာငွေစာရင်းများ (ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်း)ဖွင့်လှစ်ပြီးတော့ ထုတ်ငွေ အနေနဲ့ စာရင်းဖွင့်လှစ်ထားတဲ့ ဌာနဆိုင်ရာရဲ့ လစာနှင့်အခြားအသုံးစရိတ်ထုတ်ပေးခြင်း၊ သွင်းငွေ အနေနဲ့ ဓာတ်သတ္တုခွန်၊ မြေခွန်၊ ယစ်မျိုးလိုင်စင်ခွန်ပေးသွင်းငွေများ ပေးသွင်းခြင်းကိုလက်ခံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွိုင်ကော်ခရိုင်ဘဏ်ခွဲမှာ ရှားတောမြို့နယ်ရဲ့ ငွေထုတ်စာရင်း

စုစုပေါင်းကိုးခု၊ ပင်စင်စားဦးရေ ၇၃ ဦး၊ စာရင်းရှင်စာရင်းကိုးဦး၊ ငွေစုဘဏ်စာရင်း ၃၆ ဦး ဖွင့်လှစ်ထားရှိပြီးတော့ လွိုင်ကော်ဘဏ်နှင့် ပုံမှန်ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ရွာတောမြို့ဟာ လျှပ်စစ်မီး ၂၄ နာရီရရှိပြီးတော့ ဆက်သွယ်ရေးအနေနဲ့ အော်တိုအိတ်ချိန်းရုံး၊ တာဝန်ခံကြေးနန်းရုံး၊ စာတိုက်တို့ရှိပါတယ်။ လွိုင်ကော်မြို့ကနေ မိုင် ၄၀ မိုင်ခန့် ကွာဝေးပြီးတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါတယ်။

ဒေသစီးပွားရေးအခြေအနေကတော့ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ်ဆောင်ရွက်ပြီးတော့ ဒေသထွက်ကုန်များကို လွိုင်ကော်မြို့သို့ တင်ပို့ရောင်းချပါတယ်။ နယ်မြေလုံခြုံရေးအတွက် ရဲစခန်းတစ်ခုရှိပါတယ်။ ဘဏ်ခွဲတစ်ခုတိုးချဲ့ ဖွင့်လှစ်နိုင်ဖို့ကိစ္စကို စိစစ်စဉ်းစားတဲ့အခါမှာ ဖွဲ့စည်းပုံအရ အင်အားတိုးချဲ့ခန့်အပ်ခွင့်ရရှိရန်လိုအပ်ခြင်း၊ မြေနေရာရရှိရန်လိုအပ်ခြင်း၊ ဘဏ်ခွဲအဆောက်အဦအပြင် ငွေသိုလှောင်ခန်းအဆောက်အဦကိုပါ ဆောက်လုပ်ရန်လိုအပ်ခြင်း၊ ဘဏ္ဍာငွေသယ်ယူပို့ဆောင်ရန် လုံခြုံရေးလိုအပ်ခြင်း၊ လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အားအသုံးပြုရမှု သင့်လျော်ကိုက်ညီရန်လိုအပ်ခြင်း၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးထည့်သွင်းစဉ်းစားရခြင်းစသည်တို့ကြောင့် လောလောဆယ်မှာတော့ ရွာတောမြို့နယ်မှာ ဘဏ်ခွဲဖွင့်လှစ်ရန်အစီအစဉ်မရှိသေးပါ။ ယခုအခါမှာ မြန်မာ့စီးပွားရေးဘဏ်ဟာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကိုစီးပွားရေးဆန်ဆန်နှင့် ပိုပြီးတော့ကျယ်ကျယ်ပြန့်ပြန့် အောက်ခြေအထိ ဆောင်ရွက်နိုင်ရန်အတွက်ဘဏ်ရဲ့ဖွဲ့စည်းတည်ဆောက်မှုများကို ပြန်လည်သုံးသပ်ပြင်ဆင်ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာမှာလည်း ကူးသန်းရောင်းဝယ်ရေးဘဏ်များအနေနဲ့ စရိတ်စက ပိုမိုကုန်ကျတဲ့ဘဏ်ခွဲများဖွင့်လှစ်မှုကို လျှော့ချလျက်ရှိကြပြီးတော့ ICT နည်းပညာသုံးတဲ့ ဘဏ်ဝန်ဆောင်မှုများကိုပိုမိုတိုးချဲ့ဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲဖွဲ့စည်းမည့် အစီအစဉ်(State Owned Bank Restructuring Plan)မှာ ရွာတောမြို့နယ်အပါအဝင် ဘဏ်ဝန်ဆောင်မှုမရရှိသေးတဲ့မြို့နယ်များသို့ သမားရိုးကျဘဏ်ခွဲဖွင့်လှစ်

ဆောင်ရွက်ပေးသည့် နည်းလမ်းမဟုတ်တဲ့ အခြားနည်းလမ်းများဖြင့် ဘဏ်ရဲ့ဝန်ဆောင်မှုလုပ်ငန်းများကို ရရှိနိုင်ရေးအတွက် သုံးသပ်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ဝင့်ဝါထွန်း (ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို တစ်စပ်တစ်ဆက်တည်း မေးခွန်းမေးခွင့်ပြုပါရှင်။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်ရှင်။ ဒုတိယဝန်ကြီးရဲ့ နောက်ဆုံးဖြေကြားချက်ထဲမှာပါတဲ့ သမားရိုးကျ ဖွဲ့စည်းပုံမဟုတ်ဘဲနဲ့ သီးသန့်သုံးသပ်ပြီးတော့မှ ဖွဲ့စည်းဖို့ရန်အတွက်၊ ဖွင့်လှစ်ပေးနိုင်ဖို့ရန်အတွက် စိစစ်ပေးပါမယ်ဆိုတဲ့အချက်လေးကို ကျွန်မဝမ်းသာစွာဖြင့် ကြိုဆိုပါတယ်။ ဒီအချက်ပေါ်မှာမူတည်ပြီးတော့မှ တစ်ဆက်တစ်စပ်တည်း ထောက်ပြဆွေးနွေးလိုပါတယ်။ အဓိကကတော့ ဘာလဲဆိုရင် ရှားတောမြို့နယ်ဟာ ၅၂ မိုင်ခန့်ဝေးတဲ့ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်မြို့နယ်နှင့် ဆိုလို့ရှိရင် BB9 နဲ့ဆိုလို့ရှိရင် ၅၂ မိုင်ခန့်သာကွာဝေးပါတယ်။ လွိုင်ကော်မြို့နယ်ကဆိုရင် မိုင် ၄၀ ခန့် သာကွာဝေးပါတယ်ရှင်။ ဒီလို မိုင် ၉၀ ကျော်သာလျှင် ကွာဝေးတဲ့နေရာဒေသတစ်ခုဟာ တစ်ချိန်ချိန်မှာ ဖွံ့ဖြိုးလာခဲ့မယ်ဆိုလို့ရှိရင်၊ တစ်ချိန်ချိန်မှာငြိမ်းချမ်းရေးအရ လုပ်ကိုင်ဆောင်ရွက်လာနိုင်ခဲ့မယ်ဆိုရင် နယ်စပ်ကုန်သွယ်ရေးမြို့လေးတစ်ခုဖြစ်လာနိုင်ပါတယ်။ ထိုနည်းလည်းကောင်းပဲ ခရီးသွားလာရေးဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်တဲ့ နယ်စပ်မြို့လေးတစ်ခုလည်းဖြစ်လာနိုင်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ နယ်မြေဒေသလုံခြုံရေးအရ ယခုအချိန်မှာလည်း နယ်မြေဒေသလုံခြုံရေးအရလည်း စိတ်ချနေထိုင်ရတဲ့ အနေအထားတစ်ရပ်ဖြစ်သလို အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း အလားအလာကောင်းတဲ့ မြို့နယ်လေးတစ်မြို့ဖြစ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအချက်ကို အလေးအနက်ထားပြီးတော့မှ၊ ထည့်သွင်းစဉ်းစားသုံးသပ်ပြီးတော့မှ ဖွင့်လှစ်ဆောင်ရွက်

ပေးနိုင်ခြင်းရှိ/မရှိကို ကျေးဇူးပြုပြီးတော့မှ ယခုမပြန်ကြားနိုင်ရင်တောင်မှ စာနဲ့ပဲဖြစ်ဖြစ်ပြန်ကြား ပေးနိုင်ဖို့အတွက် မေတ္တာရပ်ခံတောင်းဆိုလိုပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပြည်သူလူထုအပေါ်နှင့် ဒေသအပေါ်မှာ ထားရှိတဲ့ စေတနာကိုလေးစားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘဏ်ခွဲတစ်ခုကို လုံးဝဖွင့်လှစ်ဖို့ အစီအစဉ်မရှိဘူးလို့တော့ မဆိုလိုပါဘူးခင်ဗျား။ လိုအပ်ရင်လည်း လိုအပ်သလို ဘဏ်ခွဲဖွင့်ဖို့လိုလာပြီ ဆိုရင်လည်းဖွင့်ရမှာပါ။ အဲဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးခဲ့သလိုပဲ ဒေသရဲ့အခြေအနေဟာ တိုးတက်ကောင်းမွန်လာပြီးတော့ တကယ်ကိုပဲ လုပ်ငန်းပမာဏတွေ ကလည်း ဘဏ်ခွဲတစ်ခုလောက်ဖွင့်လှစ်ရမည့် လုပ်ငန်းပမာဏဖြစ်လာခဲ့ရင် ဒါကျွန်တော်တို့ စိစစ်သုံးသပ်ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီလိုမျိုး မဆောင်ရွက်နိုင်သေးခင်မှာလည်း စောစောက တင်ပြခဲ့သလို ဘဏ်တွေကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ပြီးတော့မှ ကိုယ်စားလှယ်အဆင့် ထားနိုင်တဲ့ကိစ္စလေးတွေမှာ ကိုယ်စားလှယ်တွေနှင့်ဆောင်ရွက်တဲ့ အခု Mobile Banking၊ Digital Banking တို့လုပ်နေတဲ့ပုံစံမျိုးတွေနဲ့လုပ်ပေးဖို့ အစီအစဉ်ဆောင်ရွက်နေလျက်ရှိတယ်ဆိုတဲ့ အကြောင်း တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရိခေါဒါရ်ဘဏ်ငွေတိုက်ခွဲတွင် အော်တိုတယ်လီ ဖုန်းလိုင်းတပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့

အစည်းဝင်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဖဲလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၊ ငွေတိုက်ခွဲတွင် အော်တိုတယ်လီဖုန်းလိုင်း တပ်ဆင်ပေးပါရန်အစီစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ အကြောင်းအရင်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့သည် မြန်မာ-အိန္ဒိယနယ်စပ်မြို့ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိရာမြို့လည်းဖြစ်ပါသဖြင့် ငွေကြေးလည်ပတ်စီးဆင်းမှုများပြားသောမြို့ဖြစ်ပါတယ်။ ငွေကြေးဝန်ဆောင်မှုအတွက် ဘဏ်အချင်းချင်းငွေလွှဲခြင်း၊ ငွေပို့ငွေထုတ်ပေးခြင်းများကို အချိန်တိုအတွင်းဆောင်ရွက်လိုပါက Fax ငွေလွှဲစနစ်ကိုအသုံးပြုမှာဖြစ်ပါတယ်။ ငွေကြေးဆိုင်ရာဆောင်ရွက်မှုလုပ်ငန်းများကို Fax စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အဓိကလိုအပ်ချက်မှာ အော်တိုတယ်လီဖုန်းလိုင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် အော်တိုတယ်လီဖုန်းလိုင်း မရှိသေးသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ ရိခေါဒါရ်မြို့ဟာ မြန်မာ-အိန္ဒိယနယ်စပ်မြို့ဖြစ်ပြီး ဌာနဆိုင်ရာ ၁၈ ခုရှိသည့်အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းရှိတဲ့မြို့လည်း ဖြစ်ပါတယ်။ ဌာနဆိုင်ရာရုံးများ၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်ရေးပမာဏဟာ တစ်နေ့တခြားတိုးတက်များပြားလျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ ဘဏ်ငွေတိုက်ခွဲတည်ဆောက်ရန်ခွင့်ပြုခဲ့ပြီး အဆိုပါဘဏ်ငွေတိုက်ခွဲကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သော အော်တိုတယ်လီဖုန်းလိုင်း တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မှူကြမ်း**

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။**

။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ်၏ ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရိခေါဒါရ်ဘဏ် ငွေတိုက်ခွဲတွင် အော်တိုတယ်လီဖုန်းလိုင်းတပ်ဆင်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း မြန်မာ့စီးပွားရေးဘဏ်မှာ ရုံးချုပ်ဌာနခွဲကြီးခုနစ်ခုအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ရုံး ၁၄ ခု၊ ခရိုင်/ကွပ်ကဲဘဏ်ခွဲ ၇၇ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၁၃ ခု၊ ဘဏ်ငွေတိုက်ခွဲ ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲသုံးခု စုစုပေါင်းရုံးခွဲနဲ့ ဘဏ်ခွဲပေါင်း ၃၃၂ ခုဖွင့်လှစ်ပြီးတော့ ဘဏ်ဝန်ဆောင်မှု များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရိခေါဒါရ်ဘဏ်ငွေတိုက်ခွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ ဆောက်လုပ်ပြီးစီးခဲ့ပြီးတော့ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ရိခေါဒေါ်ရ်မြို့ ရုံးဌာနများနှင့် ပြည်သူများ နေအိမ်မှာ အော်တိုတယ်လီဖုန်းလိုင်းတပ်ဆပ်ထားခြင်းမရှိသေးဘဲနဲ့ IP Star စနစ်နဲ့ လက်ကိုင်ဖုန်း များ၊ မိုဘိုင်းဖုန်းများအသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှာလည်း ရိခေါဒါရ်မြို့မှာ အော်တိုတယ်လီဖုန်းလိုင်းတပ်ဆင်ရန် လုပ်ငန်းအစီအစဉ်မရှိိသေးကြောင်း ၎င်းတို့ထံမှ ပြန်ကြားစာအရသိရှိရပါတယ်။ ဒါကြောင့်မို့လို့ လတ်တလောမှာတော့ မြန်မာ့စီးပွားရေးဘဏ်၊ ရိခေါဒါရ်ဘဏ်ငွေတိုက်ခွဲအတွက် အော်တိုတယ်လီဖုန်းလိုင်းတပ်ဆင်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် နောင်မှာ ရိခေါဒါရ်မြို့မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အော်တိုတယ်လီဖုန်းလိုင်းများတပ်ဆင်တဲ့အခါမှာ ဘဏ်ငွေတိုက်ခွဲအတွက် ဦးစားပေး

တပ်ဆင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂:၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တောင်သူလယ်သမားဘဝရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသိန်းထွန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားဘဝရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင်အသုံးပြုခဲ့သည့် အရပ်ရပ်သောကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေ တောင်သူလယ်သမားမိသားစုများ ဖြစ်ကြပါတယ်။ ခေတ်အဆက်ဆက် တောင်သူလယ်သမားများဟာ နိုင်ငံတော်ရဲ့စားနပ်ရိက္ခာကို အပြည့်အဝဖော်ဆောင်ပေးနေတဲ့ ကျေးဇူးရှင်များဖြစ်ကြပါတယ်။

တောင်သူလယ်သမားမိသားစုများ ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ယခုချိန်ခါမှာ တောင်သူလယ်သမားမိသားစုများဟာ တစ်စတစ်စနိမ့်ပါးလာကြပါ တယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများရေကြီးနစ်မြုပ်ပျက်စီးခြင်း၊ မိုးရေလုံလောက်စွာမရရှိခြင်း၊ ဆီးနှင်းများကျဆင်းခြင်း၊ ပိုးမွှားရောဂါများကြောင့်ပျက်စီးဆုံးရှုံး၍ သီးနှံအရည်အသွေးမမီခြင်း၊ သွင်းအားစုများဖြစ်တဲ့ လုပ်အားခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေး ဈေးနှုန်းမြင့်မားခြင်း၊ တွက်ချေကိုက်သည့် ဈေးကွက်မရရှိခြင်း၊ အဓိကစိုက်ပျိုးသည့်သီးနှံများဖြစ်တဲ့ စပါးဈေး၊ ပဲဈေးများကျဆင်းမှုကြောင့် နှစ်စဉ်လိုလိုအရှုံးနဲ့ရင်ဆိုင်ကြရပြီး ဘဝရပ်တည်မှုကို အခက်အခဲနဲ့တွေ့ကြုံနေကြရပါတယ်။ ကျန်ခဲ့တဲ့ဆောင်းရာသီမှာ သီးနှံဈေးကွက်မရေရာတဲ့အတွက် ဖရဲများကို ဒေသအတော်များများမှာစိုက်ပျိုးခဲ့သော်လည်း COVID-19 ကြောင့် ဖရဲသီးများ တရုတ်နိုင်ငံသို့မတင်ပို့နိုင်တော့ဘဲ လယ်ကွင်းအတွင်း၌သာ ပစ်ထားခဲ့ရခြင်း၊ ဖရဲသမားများ မျှော်မှန်းထားသလိုမဖြစ်တော့ဘဲ အရှုံးများနဲ့ရင်ဆိုင်ကြရခြင်း၊ ပြောင်းစိုက်တောင်သူများလည်း ဆုံးရှုံးနစ်နာမှုများခြင်း ယခုအခါမှာ စပါးဈေးမှာ အသင့်အတင့်ဈေးကွက်ရှိနေသော်လည်း တောင်သူလက်ထဲတွင် စပါးများမရှိတော့ပါဘူး။ ယခုလို ကိုဗစ်ကာလအတွင်းမှာ အင်မတန်မှကြပ်တည်းနေကြပါတယ်။ ကိုဗစ်ကာလသကြံန်အတွင်းမှာ နိုင်ငံတော်ရဲ့အခြေခံစားကုန်ပစ္စည်းငါးမျိုးထောက်ပံ့မှုမှာ ကြုံရာကျပန်း(ဘောက်)၊ ခေါင်းရွက်ဗျက်ထိုးဈေးသည်များ၊ ဆိုက္ကားသမားများ၊ သန့်ရှင်းရေးလုပ်သူများ၊ ကုန်တင်ကုန်ချလုပ်သူများသာ အခွင့်အလမ်းရရှိခဲ့ပြီး တောင်သူလယ်သမားများ ရရှိခဲ့ခြင်းမရှိပါဘူး။ မမျှတမှုများ၊ မကျေနပ်မှုများလည်း ဖြစ်ပေါ်စေခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ ငွေကြေးအရင်းအနှီးများ လုံလောက်စွာရရှိနိုင်ရေးကို ဦးတည်ပြီးတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေကိုလည်း ရေးဆွဲနိုင်ရေးအတွက် ယခင်

လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်အနေဖြင့် ဝန်ကြီးဌာန အဆင့်တာဝန်ရှိသူများနှင့် လွှတ်တော်ရေးရာဆောင်များမှာ ၁၄ ကြိမ်ခန့် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ သက်ဆိုင်ရာလွှတ်တော်ကော်မတီ၌လည်း ဝန်ကြီးဌာနအဆင့်မြင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကော်မတီများ သုံးကြိမ်ခန့်ဆွေးနွေးညှိနှိုင်းရာတွင်လည်း အဖြေမထွက်ဘဲ ယခုအချိန်ထိဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီဥပဒေကြမ်းမှာဆိုရင် မတည်ငွေရင်းနှင့်အမြတ်ခွဲဝေမှု အခန်းကဏ္ဍအနေနဲ့ နိုင်ငံတော်ဟာ ဘဏ်ရဲ့တစ်ဦးတည်းသောအစုရှယ်ယာပိုင်ရှင်ဖြစ်ရမည်။ ဘဏ်၏ခွင့်ပြုမတည်ငွေသည် ကျပ်သန်းပေါင်းတစ်သန်းဖြစ်သည်။ ယင်းအနက် အနည်းဆုံးကျပ်သန်းပေါင်းတစ်သိန်းကို နိုင်ငံတော်က ထည့်ဝင်ပြီးဖြစ်ရမည်။ ဘဏ်၏ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီး မတည်ငွေရင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် တိုးမြှင့်နိုင်သည်။ မတည်ငွေရင်းကို လျှော့ချခြင်းမပြုရ။ ဘဏ္ဍာငွေ၊ရန်ပုံငွေတိုးပွားလာရေးအတွက် စုဆောင်းငွေများ တိုးမြှင့်လက်ခံခြင်း၊ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းခြင်း၊ ပြည်တွင်းပြည်ပငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပမှအတိုးနှုန်းသက်သာသောချေးငွေများရယူခြင်း၊ အရင်းအနှီးဈေးကွက်နည်းလမ်းများအရ ဘဏ္ဍာငွေဖြည့်ဆည်းခြင်းတို့ဖြစ်တဲ့အတွက်ကြောင့် တောင့်တင်းခိုင်မာအင်အားကြီးတဲ့ဘဏ်ကြီးတစ်ခုဖြစ်လာနိုင်ပါတယ်။ ချေးငွေသက်တမ်းကာလ အပိုင်းအခြားအနေနဲ့လည်း နှစ်စဉ်ချေးငွေဖြစ်လျှင်တစ်နှစ်အထိ၊ နှစ်တိုချေးငွေဖြစ်လျှင် တစ်နှစ်မှအထက် လေးနှစ်အထိ၊ နှစ်ရှည်ချေးငွေဖြစ်လျှင်လေးနှစ်အထက်မှ အနှစ် ၂၀ အထိဆိုတော့ တောင်သူလယ်သမားများ ပိုမိုအဆင်ပြေနိုင်ပါတယ်။ အဆိုပါဥပဒေပေါ်ပေါက်လာမယ်ဆိုရင် တောင်သူလယ်သမားများအတွက် အခွင့်အလမ်းများလည်း ပိုမိုရရှိလနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနမှလည်း ဘဏ္ဍာရေးအရပြုပြင်ပြောင်းလဲရေး Myanmar Financial Sector Development Project ကို ကမ္ဘာ့ဘဏ်ရဲ့ချေးငွေဖြင့် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ပိုင်ဘဏ်လေးခုအား ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် မြန်မာ့

လယ်ယာဖွံ့ဖြိုးရေး ဘဏ်အားပြုပြင်ပြောင်းလဲရာမှာ ပထမဦးစားပေးလုပ်ငန်းအဖြစ် စီစဉ်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့ဘဏ် အကူအညီဖြင့် ရှယ်ယာရှင်နိုင်ငံ Rabobank ၏အကြံပေးအဖွဲ့အားငှားရမ်းပြီး မြန်မာ့စီးပွားရေး ဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့အား ပေါင်းစည်းဆောင်ရွက်နိုင်ရန် စီစဉ်နေတာဖြစ်တဲ့ အတွက်ကြောင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ဥပဒေကြမ်းအား ခေတ္တရပ်ဆိုင်းထားရန်ဆိုတဲ့ အတွက် ယနေ့အချိန်အထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေမဖြစ်လာသလို ဘဏ်နှစ်ခု ပေါင်းစည်းဆောင်ရွက်နိုင်ရေး ဟာလည်း မည်သို့မှဖြစ်မလာဘဲ တောင်သူလယ်သမားများ အားကိုးရာမဲ့ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ထုတ်ချေးပေးခြင်း၊ သမဝါယမ ဦးစီးဌာနအနေဖြင့်လည်း လယ်ယာသမဝါယမအသင်းများဖွဲ့စည်း၍ ငွေထုတ်ချေးပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း မြစိမ်းရောင်အသင်းများဖွဲ့စည်း၍ ငွေထုတ် ခေ◌ျးပေးခြင်းတို့အပြင် ပုဂ္ဂလိကအသင်းအဖွဲ့များအသီးသီးမှလည်း ငွေများထုတ်ချေးပေးခြင်း များကို ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားများအနေနဲ့ အဆိုပါငွေကြေးအပြင် စိုက်ပျိုးစရိတ် မလောက်ငှတဲ့အတွက်ကြောင့် ပြင်ပမှာအတိုးကြီးပေးယူကာ ဆောင်ရွက်နေ သည်ကိုလည်း တွေ့ရှိ နေရပါတယ်။ ငွေထုတ်ပေးရာတွင်လွှယ်ကူသလောက် သတ်မှတ်ချိန် ငွေပြန်သိမ်းရာတွင်လည်း အခက်အခဲပေါင်းများစွာတွေ့ရှိနေရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်နေရခြင်းဟာ တောင်သူလယ်သမားများရဲ့ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် များစွာမှရင်လေးစရာကောင်းလှ ပါတယ်။ အကြောင်းတရားကတော့ တောင်သူလယ်သမာများ စိုက်ပျိုးရေးလုပ်ငန်းဖြင့် တွက်ခြေကိုက်မှုမရှိခြင်းတို့ ဖြစ်ပါတယ်။ နောက်ဆုံး အကြွေးအများဆုံးစုဝေးရာသည် မြန်မာ့

လယ်ယာဖွံ့ဖြိုးရေးဘဏ်၌သာ တည်ရှိနေပါတယ်။ ကျွန်တော်တို့မြို့နယ်အနေဖြင့် မိုးစပါးစိုက်ဧက ၁၁၈၀၁၆ ဧကရှိပြီး တောင်သူလယ်သမားပေါင်း ၁၆၂၀၉ ဦးရှိပါတယ်။ ဒီနှစ် ၂၀၂၀ ပြည့်နှစ် မိုးစပါး ချေးငွေထုတ်ပေးမှုမှာ လက်ရှိအချိန်ထိ စိုက်ဧက ၃၃၇၉၀ ဧကအတွက် တောင်သူ ၅၀၀၀ ကျော်သာ ထုတ်ချေးနိုင်ပါသေးတယ်။ အကြောင်းကတော့ ၂၀၁၉ ခုနှစ် မိုးစပါးချေးငွေမကျေကြသေးလို့ပဲ ဖြစ်ပါတယ်။

အခုအချိန်မှာ တောင်သူလက်ထဲမှာ စပါးလည်းမရှိ၊ ပဲလည်းမရှိ၊ ဘာမှလည်းမရှိဆိုတော့ ချေးငွေဆပ်ဖို့ရာ အတိုးကြီးငွေရှာ ဒါမှမဟုတ် အတိုးဆပ်၍ အရင်းပြန်သွင်းတဲ့ ထုတ်/ဆပ်လုပ်ရုံမှ တစ်ပါး အခြားနည်းလမ်းမရှိနိုင်ပါဘူး။ ၂၀၁၃ ခုနှစ် မိုးဆောင်းမှသည် ၂၀၁၄ ခုနှစ် ၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်အထိ အကြွေးငွေပေါင်းမြောက်မြားစွာရှိနေ ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အကြွေးငွေများ ဘီလီယံချီရှိနိုင်ပါတယ်။ စောစောက ဝန်ကြီးပြောပြသလို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၉၄.၂ ဘီလီယံလောက် အကြွေးရှိနေပါ တယ်။ အကြွေးအကျေမပေးနိုင်တဲ့ တောင်သူများကိုလည်း အရေးယူဖို့ဆိုတာကလည်း လွယ်ကူ သည့်ကိစ္စရပ်မဟုတ်ပါဘူး။ တောင်သူလယ်သမားတိုင်း အကြွေးပတ်လည်ဝိုင်းနေသည်ကို ကွင်းဆင်းစစ်ဆေးကောက်ယူပါက သိရှိနိုင်ပါတယ်။ နိုင်ငံတော်အစိုးရမှ COVID-19 ကာလ တောင်သူလယ်သမားများကို အခွင့်အရေးတစ်ရပ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ ထပ်မံထုတ်ချေးမည်ပြောခဲ့သော်လည်း ၂၀၁၉ ခုနှစ် မိုးစပါးချေးငွေကျေပြီးပါမှ ထုတ်ချေးမည်ဖြစ်တဲ့ အတွက်ကြောင့် တောင်သူလယ်သမားတိုင်းရရှိနိုင်ခြင်း မရှိသေးပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ JICA Two Step Loan ဖြင့် လယ်ယာလုပ်ငန်းကဏ္ဍ (Farming)နှင့် လယ်ယာကိုအခြေခံသောစီးပွားရေးလုပ်ငန်း(Agribusiness)များအတွက် ငွေကြေး ထုတ်ချေးရာတွင်လည်း တောင်သူလယ်သမားတစ်ဦးချင်းအတွက် အများဆုံးချေးငွေပမာဏဟာ ကျပ်သိန်း ၅၀၀ ဖြစ်ပြီး လယ်သမားအစုအဖွဲ့အတွက် အများဆုံးချေးငွေပမာဏဟာ ကျပ်သိန်း

၅၀၀၀ ချေးရန်ဖြစ်သော်လည်း ယနေ့အထိ တောင်သူလယ်သမားအများစု ချေးနိုင်တာမတွေ့ရသေး ပါဘူး။ ကျွန်တော်တို့မြို့နယ်အနေနဲ့ တောင်သူလယ်သမားဦးရေ ၁၆၀၀၀ ကျော်ရှိသော်လည်း ယနေ့ အထိ တောင်သူလယ်သမား ၃၃ ယောက်သာ ထုတ်ချေးနိုင်ပါသေးတယ်။ ချေးငွေစည်းကမ်း သတ်မှတ်ချက်များတင်းကျပ်တဲ့အတွက်ကြောင့် တောင်သူတိုင်းထုတ်ချေးရန် မလွယ်ကူလှပါဘူး။ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက်ဆိုရင်တော့ အင်မတန်မှအလှမ်းဝေးနေဆဲပါပဲ။ ယခုကဲ့သို့ တောင်သူလယ်သမားများ အကြွေးနွံနစ်နေမှုမှာ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့ လက္ခဏာမဟုတ်ပါဘူး။ တောင်သူလယ်သမားတိုင်း အကြွေးကင်းစင်ပါမှ စိုက်ပျိုးထုတ်လုပ် တိုးတက်မှု၊ သီးနှံအရည်အသွေးမြင့်မားမှုတို့ ရရှိလာနိုင်မှာဖြစ်ပါတယ်။ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းတွက်ချေကိုက်နိုင်မှု၊ အကြွေးကင်းစင်မှုတို့ဟာ အစိုးရအဖွဲ့မှစ၍ ပြည်သူ တစ်ရပ်လုံးမှာ တာဝန်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်သူလယ်သမားများဟာ နိုင်ငံတော် ရဲ့အရေးကြီးဆုံးကဏ္ဍဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံရေးကို အဓိကထား ဆောင်ရွက်နေသူများ ဖြစ်လို့ပါပဲ။ ဒါကြောင့်မို့ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေးလုပ်ငန်းများမှာ အသုံးပြုခဲ့တဲ့ကြွေးမြီကိစ္စကို ဖြေလျှော့နိုင်ဖို့ရာ နိုင်ငံတကာထောက်ပံ့ငွေ သို့တည်းမဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများကို ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ ကြွေးများပတ်လည်ဝိုင်းကာ အတိုးပေါ်အတိုးဆင့် သလို ဒုက္ခမျိုးစုံမှကင်းလွတ်နိုင်ဖို့ တောင်သူလယ်သမားဘဝ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများအတွက်အသုံးပြုခဲ့သည့် အရပ်ရပ်သောကြွေးမြီ ကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေ များရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းတင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူ လယ်သမားဦးကြီးများ အကျိုးစီးပွားအတွက်ရည်ရွယ်၍ အဆိုတင်သွင်းလာတဲ့ ကျောင်းကုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏အဆိုကို ကျွန်တော် ထောက်ခံတင်ပြ သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေအများဆုံး အတန်းအစားတစ်ရပ်အနေနဲ့ သတ်မှတ်ခံခဲ့ရပြီး ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်မှု ပြည့်ဝစွာ မခံစားခဲ့ရတဲ့အလွှာဟာ ကျေးလက်နေတောင်သူလယ်သမားမိသားစုများပဲ ဖြစ်ကြပါတယ်။ နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းလို့ အချက်အလက်များကဖော်ပြကြပြီး စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ ဖြစ်လို့ စပါးအပြင် အခြားသီးနှံစိုက်ပျိုးလုပ်ကိုင်ကြသူများ၊ သားငါးမွေးမြူလုပ်ကိုင်ကြသူများ စသဖြင့် လုပ်ငန်းစုံလင်စွာလုပ်ကိုင်ကြတာ တွေ့မြင်ရမှာဖြစ်ပါတယ်။ ယခုအချိန်ဟာဆိုရင် လယ်ကွင်းပြင်မှာ ထွန်ရေးငင်ရင်း ယခုနှစ်စိုက်ရာသီကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ တောင်သူ လယ်သမားများ လုပ်ငန်းခွင်ဝင်နေကြချိန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ COVID-19 ဖြစ်ပွားမှုနှုန်းကလည်း တစ်နေ့ထက်တစ်နေ့တိုးပွားလာနေတဲ့ အနေအထားမှာရှိပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားများဟာ ကပ်ရောဂါဘေးကို သိရှိအလေးထားလိုက်နာကြရမှာဖြစ်သော်လည်း စိုက်ရာသီအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ကြဖို့ ကိုယ်စီကိုယ်ငရုန်းကန်လှုပ်ရှားနေကြရပါတယ်။

**မူကြမ်း**

တစ်ဖက်ကလည်း ထွန်ယက်စိုက်ပျိုးရန် ရင်းနှီးထည့်ဝင်ရတဲ့ အရင်းအနှီးတွေက များပြားလှပါတယ်။ ဥပမာ-လယ်တစ်ကွက်ကို အချိန်မီစိုက်ပျိုးပြီးစီးရန် ထွန်ယက်ခ၊ ပျိုးကြဲပျိုးနုတ်ခ၊ ကောက်စိုက်ခများနဲ့ သွင်းအားစုအရင်းအနှီးများဟာ မဖြစ်မနေထည့်ဝင်ကြရပါတယ်။ ခြံတောင်သူများအနေနဲ့လည်း ထွန်ယက်ခ၊ မျိုးစေ့ခ၊ ပေါင်းလိုက်မြေဆွခ၊ သွင်းအားစုနဲ့ ပိုးသတ်ဆေး စတဲ့ အရင်းအနှီးများဟာ ရှောင်လွှဲလို့မရနိုင်ပါဘူး။ ယခုလိုအရင်းအနှီးတွေ စုစည်းမြှုပ်နှံထည့်ဝင်ထားကြရပေမယ့် မမျှော်လင့်နိုင်တဲ့ပိုးမွှားအန္တရာယ်၊ ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံဈေးကွက်ပြောင်းလဲဖောက်ပြန်ကျဆင်းခြင်းတို့ကြောင့် စိုက်ပျိုးရေးကို အထူးဝါသနာ၊ စေတနာထက်သန်စွာဖြင့် မိရိုးဖလာလုပ်ကိုင်စားသောက်လာခဲ့သော်လည်း အရှုံးပေါ်၊ အကြွေးနွံ၊ ချေးငွေနွံနစ်ကြသူများ ရှိနေကြပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဦးသိန်းထွန်း အဆိုတင်သွင်းထားသလို နိုင်ငံတော်က ဖြေလျှော့ထောက်ပံ့မှုတစ်ခုခု ဆောင်ရွက်ပေးရမယ့်အချိန်ကာလဟာ ယခုလက်ရှိအချိန်ကာလသည် အသင့်တော်ဆုံးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြီးခဲ့သောသကြၤန်ကာလမတိုင်မီ နိုင်ငံတော်မှ COVID-19 ကာလနှင့် ရင်ဆိုင်ဖြတ်ကျော်ရန်အတွက် အခြေခံလူတန်းစားများကို အခြေခံစားကုန်ငါးမျိုးနှင့်အထက် ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ဌာနဆိုင်ရာများနှင့် ကျွန်တော်တို့မဲဆန္ဒနယ်တွေမှာလည်း စာရင်းအင်းတွေပြုစုပြီး လိုက်လံဝေငှခဲ့ပါတယ်။ သို့ရာတွင် လယ်ပိုင်၊ ယာပိုင်များရှိတဲ့ ကန့်သတ်ချက်နဲ့ ကျွန်တော်တို့တောင်သူလယ်သမားအလှူာက ရရှိခဲ့ခြင်းမရှိပါဘူး။ ကျွန်တော်တို့တောင်သူလယ်သမားများဟာ သကြၤန်မိုးလေးစရွာတာနဲ့ တစ်နှစ်တာလုပ်ငန်းခွင် ကိုယ်စီကိုယ်ငင်နိုင်ဖို့ စတင်ပြင်ဆင်နေကြရပြီဖြစ်ပါတယ်။ ယခုလက်ရှိအချိန်ဟာ စပါးစိုက်တောင်သူ၊ ခြံစိုက်တောင်သူများအနေနဲ့ ပြင်းပြင်းထန်ထန်စိတ်အား၊ လူအား၊ ငွေကြေးအင်အားကိုယ်စီစိုက်ထုတ်ပြီး လုပ်ဆောင်နေကြရတဲ့အချိန်ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကပ်ရောဂါ COVID-19 ရိုက်ခတ်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးအပါအဝင် ကျွန်တော်တို့နိုင်ငံမှာလည်း လုပ်ငန်းခွင်တွေထိခိုက်ပြိုလဲပြီး လူမှုရေး၊ စီးပွားရေး၊ စားဝတ်နေရေးအသီးသီး ဆုတ်ယုတ်ထိခိုက်ခဲ့ရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယနေ့ လူတန်းစားအလွှာအသီးသီး လက်ရှိရင်ဆိုင်နေကြရတဲ့ မိသားစုအခက်အခဲများပဲ ဖြစ်ကြပါတယ်။ ကိုဗစ်ကာလ ဘယ်အချိန်၊ ဘယ်ကာလမှာပြီးစီးမယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘယ်အချိန်မှာ အောင်မြင်စွာကျော်ဖြတ်နိုင်မယ်ဆိုတာ ဘယ်သူမှမသိရှိနိုင်ပါဘူး။ ဒီလိုမသေချာ မရေရာသေးတဲ့ကာလတစ်ခုမှာ ခေတ်အဆက်ဆက်က ကျေးဇူးရှင်တောင်သူဦးကြီးများလို့ ကျွန်တော်တို့တစ်တွေတင်စားခေါ်ဝေါ်ခဲ့ကြတဲ့ လူတန်းစား တစ်စုရဲ့ မျက်မှောက်ရင်ဆိုင်ကြုံတွေ့ နေရတဲ့ လုပ်ငန်းခွင်အကြပ်အတည်းများကို နိုင်ငံတော်မှ တာဝန်ယူ၊တာဝန်ခံဖြေရှင်းပေးရမှာ ဖြစ်ပါတယ်။ ဖြေရှင်းပေးရန် အသင့်တော်ဆုံးအချိန်ကာလသို့ ရောက်ရှိနေပါကြောင်း ထောက်ခံ ဆွေးနွေးလိုပါတယ်။ သို့ဖြစ်ပါ၍ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းသော တောင်သူလယ်သမား ဘဝရေရှည်တည်တံ့နိုင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက် စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့်အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့နိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုသည် လက်ရှိပစ္စုပ္ပန်ကာလ တောင်သူလယ်သမားများ ရင်ဆိုင်ကြုံတွေ့ နေရသည့် အခက်အခဲများနှင့် ထက်တူကျ ရောက်နေချိန်ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်ကြီးမှ ဝိုင်းဝန်းထောက်ခံဆွေးနွေး အတည်ပြုပေးသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့

စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသိန်းထွန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသော တောင်သူလယ်သမားဘ၀ ရေရှည်တည်တံ့နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အရပ်ရပ်သော ကြွေးမြီကိစ္စရပ်များအား ဖြေလျှော့ပေးနိုင်မည့် နိုင်ငံတကာထောက်ပံ့ငွေ သို့မဟုတ် အတိုးမဲ့နှစ်ရှည်ချေးငွေများရရှိနိုင်ရေးကို စီမံကိန်းတစ်ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ၂၂-၇-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့်စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သောကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများကပုံမှန်ပြန်လည်ပေးသွင်းနေရသောချေးငွေများအား ကိုဗစ်ကို ရင်ဆိုင်တွန်းလှန်နေသည့်ကာလ(Response Period)တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ(Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီး ဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာမောင်သင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်တဲ့ COVID-19 ကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့် စီးပွားရေးဂယက်ရိုက်ခတ်မှုက

ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများမှ ချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသောငွေများအား ကိုဗစ်ရင်ဆိုင်တွန်းလှန်နေသည့်ကာလ(Response Period)တစ်ခုအထိ ဆိုင်းငံ့ထားရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ(Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် အတိုးနှုန်းကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးရန်၊ Coronavirus Disease 2019 ကာကွယ်ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန် တိုက်တွန်းထားတဲ့အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကပ်ရောဂါကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော စီးပွားရေးဂယက်ဟာ မြန်မာနိုင်ငံအတွင်း ကုန်ကြမ်းပေး၊ ကုန်ချောယူ လက်ခစားလုပ်ငန်းများ လုပ်ကိုင်နေတဲ့ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအပါအဝင် လုပ်ငန်းအတော်များများလည်ပတ်ရန် အခက်အခဲရှိလာသဖြင့် တချို့ လုပ်ငန်းများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လျှော့ချခြင်းတို့ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုကဲ့သို့ ထိခိုက်နစ်နာမှုများဖြစ်သွားသည့် ပြည်သူများအား တတ်နိုင်သမျှ ကုစားရန် နိုင်ငံတော်အစိုးရမှ နည်းလမ်းရှာဖွေဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အထင်ရှားဆုံးကတော့ ကိုဗစ် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်(CERP)ပဲ ဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုထိခိုက်နစ်နာဆုံးရှုံးမှုများကြောင့် Micro Finance လုပ်ကိုင်နေကြသော ကုမ္ပဏီများမှ ချေးယူ ထားသောငွေကြေးများအား ပုံမှန်ပြန်လည်ပေးဆပ်ရန်နှင့် အတိုးနှုန်းများ ပေးဆောင်ရန် ပြည်သူ များအနေနဲ့ လွန်စွာခက်ခဲနေတာကို တွေ့မြင်နေရပါတယ်။ အသေးစားချေးငွေလုပ်ငန်း(Micro Finance)ဟာ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန် သေးငယ်သောစွန့်ဦးတီထွင်စီးပွားရေး လုပ်ငန်းရှင်များ၊

တစ်ပိုင်တစ်နိုင်လုပ်ကိုင်သောစီးပွားရေးသမားများ၊ ဝင်ငွေနည်းပါးသော လူတန်းစားများကို စီးပွားရေးချေးငွေများ၊ ပညာရေးချေးငွေများ၊ စုဆောင်းငွေများနှင့် အသေးစားအာမခံလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို ပုဂ္ဂလိကကဏ္ဍကနေ ဝိုင်းဝန်းကူညီသည့် လုပ်ငန်းဖြစ်ပါတယ်။ ယခုအခါမှာ Coronavirus ကြောင့် လူပုဂ္ဂိုလ်လုံခြုံရေး၊ စားနပ်ရိက္ခာလုံခြုံရေး၊ စီးပွားရေးကိစ္စအပါအဝင်အရပ်ရပ်များကို ထိခိုက်လာသဖြင့် ကာကွယ်ထိန်းသိမ်းပေးဖို့ အစိုးရ အနေနဲ့ တာဝန်ရှိပါတယ်။ ဒါကြောင့်ယခုလို Virus ကာလ အသေးစားလုပ်ငန်းများ မလည်ပတ်နိုင်၍ ဝင်ငွေလုံးဝမရှိတဲ့အချိန်မျိုးမှာ အရင်းများပြန်လည်ပေးဆောင်ရန် လုံးဝဖြစ်နိုင်မည်မဟုတ်ပါ။ ချေးငွေရပ်ဆိုင်းမှုမရှိ၍ ငွေချေးထားသူများအနေဖြင့် အပြင်က အတိုးကြီးကြီးပေးပြီးတော့ ပြန်လည် ပေးဆပ်ရသည့်ဒုက္ခနှင့်ကြုံတွေ့နေရပါတယ်။ ထို့အတူ ကိုဗစ်အလွန် ပြန်လည်ထူထောင်ရေးကာလ တွင်လည်း အတိုးနှုန်းများကို မူလအတိုင်းထားရှိပါက လုပ်ငန်းများ မူလအခြေအနေသို့မရောက်မီ တွင် ချေးငွေရယူထားသော ပြည်သူများအတွက် အတိုးကျပ်ဝန်ပိနိုင်ပါသဖြင့် ပြန်လည်ထူထောင် ရေးကာလတစ်ခုသတ်မှတ်ကာ ထိုကာလအတွင်း အတိုးနှုန်းကင်းလွတ်ခွင့် သို့မဟုတ် ၅၀ ရာခိုင်နှုန်း အထိ အတိုးကို လျှော့ချပေးခြင်းဖြင့် ပြည်သူနှင့်အစိုးရကို အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ဝိုင်းဝန်းကူညီသင့်တယ်လို့ မြင်မိပါတယ်။ ကမ္ဘာ့အစိုးရအနေဖြင့် ကိုဗစ်ကာကွယ်ထိန်းချုပ် ရေး၊ တိုက်ဖျက်ရေးနှင့် ရောဂါကြောင့်ထိခိုက်သွားတဲ့ စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် ကိုဗစ်ရောဂါကြောင့် ထိခိုက်သည့် ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများအပေါ် မှီခိုနေရသည့်ကုမ္ပဏီ များကို ချေးငွေထုတ်ပေးခြင်း၊ အလုပ်သမားများ အလုပ်ဆုံးရှုံးသွားမှုကာကွယ်ရန် အခြေခံ အဆောက်အအုံများ၊ စီမံကိန်းအသစ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ကိုဗစ်ရောဂါကြောင့် ကုမ္ပဏီနှင့်ချေးငှားသူများက ချေးငွေပြန်မဆပ်နိုင်ခြင်းကြောင့် ထိခိုက်ရသော ပုဂ္ဂလိကများ၊ ပုဂ္ဂိလိကလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရန် ပံ့ပိုးခြင်းဖြင့် ဘဏ်များရှိ အများ

ပြည်သူများ၏စုဆောင်းငွေများကို အကာအကွယ်ပေးပြီး ချေးငွေအသစ်များထုတ်ပေးနိုင်သည့် အခြေအနေများကို ဖန်တီးပေးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အသေးစားနှင့် အလတ်စားချေးငွေလုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းတချို့ဟာ လတ်တလောဖြစ်ပွားနေသော COVID–19 ကြောင့် စီးပွားရေးအခက်အခဲကိုထောက်ထား၍ ပြန်ပေးဆပ်ရမည့်ချေးငွေများကို ဆိုင်းငံ့ထားကြောင်း သိရတဲ့အတွက်ကြောင့် အထူးပဲဝမ်းသာမိပါတယ်။ ဒါဟာ အစိုးရနှင့်ပြည်သူကို ဝိုင်းဝန်းကူညီနေခြင်းပဲ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီတွေကတော့ Best Merchant Finance ကုမ္ပဏီ၊ BG Microfinance ကုမ္ပဏီ၊ Micro Finance Delta International ကုမ္ပဏီအစရှိသည့်ကုမ္ပဏီကြီးများက ပြန်လည်ပေးဆပ်ရန် ငွေများကို ကာလတစ်ခုအထိ ဆိုင်းငံ့ထားကြောင်း ကြေညာထားတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား လေးစားမိသလို ကုမ္ပဏီများကိုလည်း ဂုဏ်ပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ကိုဗစ်စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်(CERP)မှာ ရည်မှန်းချက်ပန်းတိုင်ခုနစ်ခု၊ မဟာဗျူဟာ ၁၀ ခု၊ လုပ်ငန်းအစီအစဉ် ၃၆ ခုနှင့် ဆောင်ရွက်မှု ၇၆ ခု ပါဝင်ပါတယ်။ ယင်းအစီအစဉ်တွင် Micro စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ဘဏ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် အကျိုးသက်ရောက်မှုဖြေလျှော့ခြင်း၊ အလုပ်သမားများနှင့် အိမ်ထောင်စုများအတွက် အကျိုးသက်ရောက်မှုလျော့ပါးစေခြင်း၊ ကျန်းမာရေးစနစ်နှင့် ပိုမိုအားကောင်းခိုင်မာလာရေးနှင့် ကိုဗစ်ရောဂါကြောင့် ထိခိုက်လာသည့်လုပ်ငန်းများကို ငွေကြေးပံ့ပိုးမှုတို့ ပါဝင်တာကို တွေ့ရပြီးတော့ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် ငွေကြေးချေးယူထားသော ပြည်သူများအတွက် သတ်သတ်မှတ်မှတ်မူဝါဒချမှတ်ထားခြင်းကို မတွေ့ရပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစားချေးငွေလုပ်ငန်းကို လုပ်ကိုင်နေသော ကုမ္ပဏီများမှ ချေးယူထားကြသော မိမိတို့ပြည်သူများအတွက် အကြွေးနှင့်အတိုးဝန်ပိမှုမရှိ

စေရန် အလေးထားစဉ်းစားဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါသောကြောင့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးထိခိုက်နေသည့်အခြေအနေများကို ကုစားနည်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာတွင် COVID-19 ရောဂါနောက်ဆက်တွဲဂယက်ကြောင့် မိမိတို့ပြည်သူများအတွက် ထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းပါးအောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသည့် CERP လုပ်ငန်း၏အစိတ်အပိုင်းတစ်ခုအနေဖြင့် ငွေချေးထားသောပြည်သူများက ချေးငွေများကို ပြန်လည်ပေးဆပ်ခြင်းကို ကာလတစ်ခုသတ်မှတ်ရပ်နားထားသင့်ပါကြောင်းနှင့် အတိုးနှုန်းထားကိုလည်း ပြန်လည်ထူထောင်ရေးကာလတစ်ခုအတွင်း ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အတိုးကို ၅ဝ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံပေးသင့်ပါကြောင်း နိုင်ငံတော်တာဝန်ရှိအဖွဲ့အစည်းများက အသေးစိတ်ငွေချေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးပါရန်အဆိုအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမောင်သင်းတင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၏အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ COVID-19 ရောဂါကပ်ဘေးကာလတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားပျက်ကပ်နှင့်အတူ နောက်ဆက်တွဲအန္တရာယ်များနှင့်လည်း ရင်ဆိုင်နေရပါတယ်။ COVID-19 အား ကမ္ဘာ့ကပ်ရောဂါအဖြစ် မတ်လ ၁၁ ရက်နေ့က ကြေညာခဲ့ပြီး

နောက်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်စေရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေးအတွက် အသင့်ပြင်ဆင်မှုများ စတင်ခဲ့ကြပါတယ်။ လက်ရှိဖြစ်ပေါ်နေသော COVID–19 ရောဂါကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းဖြင့် အရှိန်အဟုန်မပြတ်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရန် လွန်စွာအရေးကြီးပါတယ်။ အာရှ၏တိုးတက်ဖွံ့ဖြိုးလာသည့် စီးပွားရေးစနစ်အတွင်း အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိတာကတော့ မြန်မာနိုင်ငံ၏အသေးစားငွေရေးကြေးရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ သို့သော် COVID–19 ကြောင့် ချေးငွေယူထားသူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်နိုင်၍ အသေးစားချေးငွေကုမ္ပဏီများအနေဖြင့် ချေးငွေနှင့်အတိုးများကို အတင်းအကြပ်ပြန်လည်ကောက်ခံခြင်းမပြုရန် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ညွှန်ကြားချက်ထုတ်ပြန်ထားတယ်လို့ ကြားသိရပါတယ်။ COVID–19 ရိုက်ခတ်မှုကြောင့် အလုပ်များရပ်ဆိုင်းရချိန်တွင် အသေးစားချေးငွေပြန်လည်ပေးသွင်းရန် ဆိုင်းငံ့ပေးခြင်းနှင့် အတိုးများဖြေလျှော့ပေးရန် ပြည်သူများမှ လိုလားနေကြတယ်လို့ ကြားသိရပါတယ်။ မြန်မာနိုင်ငံတွင် အသေးစားချေးငွေလုပ်ငန်းပေါင်း ၁၀၀ ကျော်ရှိပြီး ဗဟိုဘဏ်က ဘဏ်များကို အတိုးနှုန်းနှစ်ကြိမ်ဖြေလျှော့ပြီးသကဲ့သို့ အသေးစားချေးငွေကုမ္ပဏီများမှ ချေးငွေယူထားသူများကိုလည်း ဖြေလျှော့ပေးရန် နိုင်ငံတော်အစိုးရမှ လုပ်ဆောင်ပေးသင့်ပါတယ်။ အသေးစားချေးငွေလုပ်ငန်းများကို တစ်နိုင်ငံလုံးရှိမြို့နယ် ၂၅၂ မြို့နယ်တွင် လုပ်ကိုင်နေကြပြီး ချေးငွေယူထားသူမှာ ၄.၆ သန်းရှိတယ်လို့ သိရှိရပါတယ်။ ကုမ္ပဏီတွေကတော့ ရပ်ကွက်ထဲမှာ ငွေချေးပေးကြတာ ဖြစ်ပါတယ်။ COVID–19 ကြောင့် တွေ့ကြုံနေရတဲ့ စီးပွားရေးအခက်အခဲတွေ ပြေလည်ဖို့ ပြန်ဆပ်ငွေကာလကို ရွှေ့ဆိုင်းပေးသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Coronavirus ကြောင့် အထည်ချုပ်စက်ရုံများ အပြီးပိတ်သိမ်းခြင်း၊ ယာယီပိတ်သိမ်းခြင်းများရှိနေပြီး အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားသမားများမှာလည်း လတ်တလောတွင် ငွေကြေးရှာဖွေရန် ခက်ခဲမှုများ ရှိနေကြလို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောချေးငွေဘဏ်များမှာ မေလကုန်အထိ ခေ◌ျးငွေဆပ်ခြင်းကို ဆိုင်းငံ့ထားကြပါတယ်။ ဒါပေမဲ့လည်း ငွေချေးယူတဲ့သူများကတော့ အတိုးကိုတော့ ပုံမှန်ပေးဆပ်နေကြရပါတယ်။ ကျွန်တော့်မြို့နယ်အပါအဝင် မြို့နယ်တိုင်းမှာကြုံတွေ့နေရတဲ့ အခက် အခဲတစ်ခုကတော့ စည်ပင်သာယာဈေးကို အချိန်ကိုအကန့်အသတ်နဲ့ ရောင်းချခွင့်ပြုတာကြောင့် ဈေးသည်များ လွန်စွာအခက်အခဲ တွေ့နေကြရပါတယ်။ လက်လုပ်လက်စား၊ ကုန်တင်ကုန်ချ အလုပ်သမားများဆိုရင် ကုန်စည်များ အဝင်အထွက်နည်းပါးခြင်းကြောင့် တစ်နေ့ဝင်ငွေ လွန်စွာနည်းပါးနေကြပါတယ်။ ချေးငွေကုမ္ပဏီအများစုက ငွေဆပ်ရမည့်ကာလကို နောက်ဆုတ်ထားပေမယ့် အတိုးနှုန်းကိုတော့ အရင်အတိုင်း ပုံမှန်နှုန်းထားနဲ့ ကောက်ခံနေကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ကပ်ရောဂါဆိုးဖြစ်နေချိန်မှာ အထိခိုက်အနစ်နာဆုံးကတော့ ငွေစုငွေချေးကုမ္ပဏီများကို ပုံမှန်ငွေဆပ် အတိုးပေးနေကြသော ပြည်သူပြည်သားများပဲ ဖြစ်ပါတယ်။ ထို့ကြောင့် ကိုဗစ်ပြန်လည်ထူထောင် ရေးကာလအတွင်း ငွေစုငွေချေးယူထားသော လက်လုပ်လက်စားများအတွက် အတိုးနှုန်းကင်းလွတ် ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသင့်ပါကြောင်းဆွေးနွေးရင်း ဒေါက်တာမောင်သင်းရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ သွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ မယ်။ ဒေါက်တာမောင်သင်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသော ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဖြစ်သည့် COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်နှင့်စီးပွားရေးဂယက်ရိုက်ခတ်မှုသည် ကြီးမားပြင်းထန်ခြင်းကြောင့် မြန်မာနိုင်ငံအတွင်း Micro Finance လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ငွေကြေးချေးယူထားသော ပြည်သူများက ပုံမှန်ပြန်လည်ပေးသွင်းနေရသော ချေးငွေများအား ကိုဗစ်ကို ရင်ဆိုင်တွန်းလှန်နေသည့်ကာလ(Response Period)တစ်ခုအထိ ဆိုင်းငံ့ထားနိုင်ရန်နှင့် ကိုဗစ်ပြန်လည်ထူထောင်ရေးကာလ(Recovery Period)အတွင်း အတိုးနှုန်းကင်းလွတ်ပေးခြင်း သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ Micro Finance လုပ်ငန်းလုပ်ကိုင်နေသောကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန်အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ၂၂-၇-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော အသေးစားငွေရေး ကြေးရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အသေးစားငွေရေးကြေးရေးဥပဒေကြမ်းကို ၁၄-၇-၂၀၂၀ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၇-၂၀၂၀ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၅-၇-၂၀၂၀ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၇-၂၀၂၀ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်ကတင်သွင်းသည့် ပြည်ပရောက်မြန်မာနိုင်ငံ အလုပ်သမားများ အထူးသဖြင့်မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများသည် ရွေးကောက်ပွဲအမီ မိမိစိတ်ဆန္ဒအရလွတ်လပ်စွာမဲပေးနိုင်ရေး အတွက် ပြန်လည်ခေါ်ဆောင်ရန် နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စရပ်တစ်ခုကို ဆွေးနွေးရန် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်က ဥက္ကဋ္ဌထံစာဖြင့် ရေးသား၍ လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ ဥက္ကဋ္ဌအနေနဲ့ ယင်းအရေးကြီးအဆိုကို နေ့လယ် ၁၁:၅၅ နာရီအချိန်မှာ လက်ခံရရှိပါတယ်။ အဆိုကို ဖတ်ကြားပြပါ မယ်။

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

နေပြည်တော်

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်။

အကြောင်းအရာ။ **အရေးကြီးအဆို တင်သွင်းခြင်းကိစ္စ။**

အထက်ပါကိစ္စနှင့်ပတ်သက်၍ ပြည်ပရောက်မြန်မာနိုင်ငံအလုပ်သမားများ အထူးသဖြင့် မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားများသည် ရွှေးကောက်ပွဲအမီ မိမိစိတ်ဆန္ဒအရလွတ်လပ်စွာမဲပေးနိုင်ရေးအတွက် ပြန်လည်ခေါ်ဆောင်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါသည်။

**အကျိုးအကြောင်းဖော်ပြချက်**

၁။ ပြည်ပရောက် မြန်မာနိုင်ငံသားအလုပ်သမားများသည် ကမ္ဘာ့ကပ်ရောဂါ(COVID–19) အခြေအနေကြောင့် ပြည်တွင်းသို့လမ်းကြောင်းမျိုးစုံဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိပါသည်။ သို့ရာတွင် မလေးရှားနိုင်ငံရောက်မြန်မာနိုင်ငံသား အလုပ်သမားများသည် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲမျိုးစုံကြုံတွေ့နေရပြီး မြန်မာနိုင်ငံသား ၁၀ ဦးသည် မိမိကိုယ်ကိုသတ်သေခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသိရှိရပြီး မြန်မာနိုင်ငံသားအလုပ်သမား ၂၀၀၀၀ ကျော်မှာ မြန်မာနိုင်ငံသို့ ပြန်လာရန်သံရုံးသို့စာရင်းပေးထားကြောင်း သိရှိရပါသည်။ လေယာဉ်ဖြင့်ပြန်လာရန် နှောင့်နှေး ကြန့်ကြာမှုများလည်း ဖြစ်ပေါ်နေကြောင်းလည်း သိရှိရပါသည်။ မြန်မာ့တပ်မတော်တွင် လူအင်အား

၁၀၀၀ ဦးခန့်သယ်ဆောင်နိုင်သည့် မုတ္တမစစ်ရေယာဉ်ကဲ့သို့ ဘက်စုံသုံးရေယာဉ်များရှိပြီး တပ်မတော် အနေဖြင့်လည်း COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကူညီဆောင်ရွက် ပေးရန်အသင့်ရှိကြောင်းပြောထားပြီး လက်တွေ့ကူညီဆောင်ရွက်ပေးလျက်ရှိပါသဖြင့် မြန်မာနိုင်ငံ သို့ပြန်လာရန် စောင့်ဆိုင်းနေသော မလေးရှားနိုင်ငံရောက်မြန်မာနိုင်ငံသား ၂၀၀၀၀ ကျော်အား တပ်မတော်ရေယာဉ်၊ လေယာဉ်များအသုံးပြု၍ ရွှေးကောက်ပွဲအမီပြန်လည်ခေါ်ဆောင်နိုင်ရေး နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါသည်။

၂။ အလားတူ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားများမှာလည်း မြန်မာနိုင်ငံသို့ ပြန်လာရန် MAI နှင့် MNA လေကြောင်းလိုင်းများဖြင့် သယ်ဆောင်ပေးနေသော်လည်း နှောင့်နှေး ကြန့်ကြာမှုများဖြစ်ပေါ်နေသဖြင့် မြန်မာ့တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ်များ အသုံးပြု၍ ရွှေးကောက်ပွဲအမီ မိမိဆန္ဒအရလွတ်လပ်စွာမဲပေးနိုင်ရေးအတွက် ပြန်လည်ခေါ်ဆောင်နိုင်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆိုအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးစားစွာဖြင့် တင်သွင်းအပ်ပါသည်။

**ဦးခင်မောင်မြင့်**

**[ရပ်စောက်မဲဆန္ဒနယ်]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၂ အရ အရေးကြီးအဆိုကို လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏သုံးပုံတစ်ပုံဖြစ်သော ၁၄၄ ဦးကထောက်ခံလျှင် ဆက်လက်ဆွေးနွေး ရန် လွှတ်တော်ကသဘောတူသည်ဟု မှတ်ယူပါမည်။ ဒါ့ကြောင့် မတ်တပ်ရပ်၍ဆန္ဒမဲပေးသည့် နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုကိုထောက်ခံပါက မိမိနေရာမှာမတ်တပ်ရပ်၍

ဆန္ဒပြုကြရန် ဖြစ်ပါတယ်။ ထောက်ခံသူဦးရေ ၁၄၄ ဦးအထက်ရှိပါက အရေးကြီးအဆိုကိုလက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ထောက်ခံသူဦးရေ ၁၄၄ ဦးမရှိပါက အရေးကြီးအဆိုကိုလက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ မတ်တပ်ရပ်၍ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ မတ်တပ်ရပ်၍ ဆန္ဒပြုနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၁၂၅ မဲဖြစ်ပါတယ်။

## ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်ကတင်သွင်းသည့် အရေးကြီးအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံသူဦးရေက ၁၄၄ ဦးမရှိတဲ့အတွက် ဦးခင်မောင်မြင့်တင်သွင်းတဲ့ ပြည်ပရောက် မြန်မာနိုင်ငံသားအလုပ်သမားများ အထူးသဖြင့် မလေးရှားနိုင်ငံနဲ့ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများကို မြန်မာနိုင်ငံသို့ ပြန်လာရန် မြန်မာ့တပ်မတော် သယ်ယူပို့ဆောင်ရေးလေယာဉ်၊ ရေယာဉ်များအသုံးပြု၍ ရွေးကောက်ပွဲအမီ မိမိဆန္ဒအရ လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် ပြန်လည်ခေါ်ဆောင်နိုင်ရန် နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်စည်းအဝေး ပဉ္စမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃:၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၃:၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့


## (၂၁.၇.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Aung U Khin Cho




U Soe Aung Dr Kyi Moht Moht Lwin




U Soe Aung U Sai Oakkar




U Moe Shwe Maj Genl Than Htut




Maj Genl Than Htut U Stiphen




Maj Genl Than Htut U One Hla

-

pyithu.hluttaw.mm



U Win Aung



U Maung Maung Win

pyithu.hluttaw.mm



U Win Myint Aung



U Maung Maung Win

pyithu.hluttaw.mm



Daw Wint War Tun



U Maung Maung Win

pyithu.hluttaw.mm



Dr Salai Reran Vel



U Maung Maung Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်